စိတ်ကူးချိုချိုအနုပညာ

# ပါရဂူ
# ပရကဏ

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

နယ်ပယ်အသီးသီးမှ
ထင်ရှားသူတို့အကြောင်း
အမှတ်ရချက်များကို
လှပစွာ ရေးဖွဲ့ထားသည့်
ဆရာပါရဂူ၏
ထင်ရှားသော စာတစ်အုပ်

# ပါရဂူ
# ပရကထာ

pyg0018
3300.00 Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၅၊ မေလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၉၈ မှ်ရွေးစာအုပ်တိုက်ထုတ်ပထမအကြိမ်ပြည့်စွက်မှု၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃၃၀၀ ကျပ်

ပရကထာ
ပါရဂူ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၅၊
စာမျက်နှာ ၃၀၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ
(၁) ပရကထာ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပရကာထာ ပါရဂူ

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | အမှာစကား | (က) |
| ၁။ | လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး | ၁ |
| ၂။ | ရှာပန ခရီး | ၃၈ |
| ၃။ | ဒီးဒုတ် သို့မဟုတ် စပယ် | ၅၂ |
| ၄။ | ဇေယျနှင့် ဇေယျသတင်းစာ | ၆၂ |
| ၅။ | မျိုးချစ် ပညာရှင် စာရေးဆရာ | ၇၄ |
| ၆။ | ဓနုဖြူ ဦးအေးမောင် | ၉၅ |
| ၇။ | လမ်းဘေးတွင် ဗယာကြော်စားနေသော ဝန်ကြီးဟောင်း | ၁၀၈ |
| ၈။ | စကြာအလည်ရပ်ပြီ | ၁၁၃ |
| ၉။ | သတင်းစာနှင့် စာပေ | ၁၂၄ |
| ၁၀။ | သတင်းစာဆရာမှ ဝိပဿနာဆရာသို့ | ၁၃၂ |
| ၁၁။ | နဂါးနီအကွဲ | ၁၄၂ |
| ၁၂။ | ဟံသာဝတီ | ၁၄၉ |
| ၁၃။ | ဇော်ဂျီ၊ ရာမ၊ ပလေတို | ၁၅၇ |
| ၁၄။ | နှစ်ပေါင်း ၆၀ | ၁၆၉ |
| ၁၅။ | ဆရာမာဃ | ၁၈၃ |
| ၁၆။ | ပင်တိုင်ဆောင်းပါးရှင်နှင့် စက္ကူဖောက်သည် | ၁၉၀ |


mgyoe.com

| | | |
|---|---|---|
| ၁၇။ | မိမိနှင့် သိန်းဖေမြင့် | ၂၀၀ |
| ၁၈။ | အရှင်ဉာဏိဿရနှင့် ဂျာနယ်ကျော် ဦးချစ်မောင် | ၂၁၄ |
| ၁၉။ | ပန်ချာပီမိန်းမချောနှင့်တူတဲ့ မြန်မာစာရေးဆရာမ | ၂၂၁ |
| ၂၀။ | ညိုမြနှင့် မင်္ဂလာသုတ် | ၂၂၇ |
| ၂၁။ | ဘာသာတရားနှစ်ခု ဆုံခြင်း | ၂၃၅ |
| ၂၂။ | နန္ဒ | ၂၄၆ |
| ၂၃။ | ရုပ်ပုံလွှာ၏ စာမျက်နှာများ | ၂၅၄ |
| ၂၄။ | ဒဂုန် ဦးထွန်းမြင့် | ၂၉၃ |
| ၂၅။ | တင်ဇေ (ရှမ်းပြည်) | ၃၀၅ |


mgyoe.com

mgyoe.com

## အမှာစကား

ဤအမှာစကား၌ ရှေးဦးစွာ စာအုပ်အမည်နှင့် ပတ်သက်၍ ရှင်းပြဖို့ လိုလိမ့်မည်။

ကျွန်တော် ဆောင်းပါးတစ်ပုဒ် ရေးသားသောအခါ၌ဖြစ်စေ၊ စာအုပ်တစ်အုပ် ရေးသောအခါ၌ဖြစ်စေ၊ ဆောင်းပါး၏ခေါင်းစဉ်သည်၊ စာအုပ်၏ အမည်သည် တစ်ခါတစ်ရံ ဆောင်းပါးမရေးခင်ကပင်၊ စာအုပ်မရေးခင်ကပင်၊ ဦးနှောက်ထဲတွင် ရှိနေပြီး တစ်ခါတစ်ရံ၌မူ ဆောင်းပါးမရေးခင်၊ စာအုပ်မရေးခင် ဆောင်းပါး၏ခေါင်းစဉ်၊ စာအုပ်၏အမည် ဦးနှောက်ထဲတွင် ပေါ်မလာသေးသောကြောင့် ဆောင်းပါးရေးပြီးသောအခါကျမှ၊ စာအုပ်ရေးပြီးသောအခါကျမှ ဆောင်းပါးခေါင်းစဉ်ကို၊ စာအုပ်အမည်ကို တပ်ရသည်။

ဤစာအုပ်နှင့်ပတ်သက်၍မူ ယင်းနှစ်မျိုးထဲက တစ်မျိုးမှ မဟုတ်ပေ။ စာအုပ်ရိုက်နှိပ်ရန် စာမူအဆင်သင့်ရှိနေပြီဖြစ်သည့်အချိန်အထိ၊ ထိုမျှသာမက၊ စာမူအားလုံး ကွန်ပျူတာနှင့်စီပြီးပြီ ဖြစ်သည့်အချိန်အထိ စိတ်ကြိုက်စာအုပ်အမည်သည် ဦးနှောက်ထဲတွင် ပေါ်မလာပေ။ ကွန်ပျူတာ

mgyoe.com

mgyoe.com


စီပြီး စာမူကို ထုတ်ဝေခွင့်ရရှိရန် စာမူစိစစ်ရေးသို့ တင်ချိန်ကျမှ ဆက်လက်စဉ်းစားနေချိန် မရှိတော့သည့်အတွက် နာမည်တစ်ခု ကောက်ကာငင်ကာ တပ်လိုက်ရသည်။ ထိုအမည်မှာ 'ပရကထာ' ဖြစ်သည်။

မိမိအကြောင်း သို့မဟုတ် မိမိအဖြစ်အပျက် သို့မဟုတ် မိမိ ဇာတ်လမ်းကို ရေးထားသော သို့မဟုတ် မိမိကိုယ်တိုင်ရေးသကဲ့သို့ ရေးသားသောစာသည် 'အတ္တကထာ' ဖြစ်သည်။ ဥပမာ 'ပီမိုးနင်း၏ ပီမိုးနင်း' သည် 'ပီမိုးနင်း၏ အတ္တကထာ' ဖြစ်သည်။ မကြာမီက ထွက်လာသော ကျွန်တော်၏ 'ဒေါဏ၏အတ္တကထာ' သည် ဒေါဏကိုယ်တိုင် သူ၏ဇာတ်လမ်းအတ္ထုပ္ပတ္တိကို ရေးသည့်ပုံစံမျိုးဖြင့် ရေးထားသော ဝတ္ထုဖြစ်၍ စာရေးဆရာက သူ၏ဝတ္ထုကို 'ဒေါဏ၏အတ္တကထာ' ဟူ၍ အမည်တပ်ထားခြင်းဖြစ်သည်။

မိမိအကြောင်း မိမိကိုယ်တိုင်ရေးသောစာသည် 'အတ္တကထာ' ဖြစ်လျှင် သူတစ်ပါးအကြောင်း ရေးထားသောစာသည် 'ပရကထာ' ဖြစ်သင့်သည်ဟု စိတ်ကူးပေါ်လာသည်ဖြစ်၍ ဤစာအုပ်၏အမည်ကို 'ပရကထာ' ဟု တပ်လိုက်ရခြင်းဖြစ်သည်။ 'အတ္တကထာ' ဟူသော ဝေါဟာရစကားလုံး အသုံးရှိသော်လည်း 'ပရကထာ' မှာ ဤစာအုပ်ကျမှ စိတ်ကူးပေါ်လာသည့် အမည်ဖြစ်သည်။ Autobiography က 'အတ္တကထာ' ဖြစ်ပြီး Biography မှာ 'ပရကထာ' ဖြစ်သည်။

အတ္ထုပ္ပတ္တိအတော်များများကို ကျွန်တော် ရေးသားခဲ့ပြီးပြီ။ ကျွန်တော် ရေးသားခဲ့သည့် အတ္ထုပ္ပတ္တိရှင်များထဲတွင် သမိုင်းထဲက ပုဂ္ဂိုလ်များလည်း ရှိသည်။ ရှေးခေတ်က ပုဂ္ဂိုလ်များလည်း ပါသည်။ မိမိလက်လှမ်းမမီသော ပုဂ္ဂိုလ်များ၏အကြောင်းကိုလည်း ရေးသားဖူးသည်။ မိမိနှင့် ထိတွေ့မှုရှိသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများလည်း ကျွန်တော်ရေးသော အတ္ထုပ္ပတ္တိစာရင်းတွင် ပါဝင်ကြသည်။

အိန္ဒိယရေးဟောင်း လေးအတတ်ပညာ၌ ပစ်မှတ်ကို မမြင်တွေ့ရသော်လည်း အသံကြားရာကို မှန်းပြီးပစ်သည့် လေးပစ်နည်း တစ်နည်းရှိသည်။ ယင်းလေးပစ်နည်းကို 'သဒ္ဒဝေဓိ' လေးပစ်နည်းဟု ခေါ်သည်။ မည်မျှကျွမ်းကျင်မှုရှိသော လေးသည်တော်ပင် ဖြစ်စေကာမူ အသံကြားရုံသာ ကြား

mgyoe.com

mgyoe.com



ရပြီး မျက်စိဖြင့် မမြင်မတွေ့ရသော ပစ်မှတ်ကို ထိမှန်အောင် ပစ်နိုင်ဖို့ရန်မှာ မလွယ်ပေ။ မိမိမျက်မှောက်ရှိ ပစ်မှတ်ကို မြားစိုက်သွားအောင် ပစ်နိုင်ရန်မှာမူ သာမန်လေးအတတ်ပညာတတ်ထားသူအတွက်ပင် မဖြစ်နိုင်စရာ အကြောင်း မရှိပေ။ 'သဒ္ဒဝေဓိ' ပစ်နည်းဖြင့် အသံကြားရာကို မှန်းပစ်လျှင်ကား အတိမ်း အစောင်းရှိလာနိုင်သည်။

မိမိမသိသော မိမိလက်လှမ်းမမီသော ပုဂ္ဂိုလ်၏ အတ္ထုပ္ပတ္တိကို ရေး ခြင်းသည် 'သဒ္ဒဝေဓိ' လေးပစ်ခြင်းနှင့် တူသည်။ ပစ်မှတ်ကို မထိဘဲ တလွဲတချော်ဖြစ်သွားနိုင်သည်။ မိမိသိသော လက်လှမ်းမီသော မိမိနှင့် ထိတွေ့မှုရှိသော ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိကို ရေးခြင်းမှာမူ မိမိမျက်မှောက် တွင် မြင်တွေ့နေရသော ပစ်မှတ်ကို ချိန်ပြီးပစ်လိုက်သော မြားနှင့်တူသည်။ မြားသည် ပစ်မှတ်ကို ဒက်ခနဲသွားစိုက်နိုင်သည်။ လေးအတတ်ပညာအလေ့ အကျင့် လုံးဝမရှိသူမှသာ ပစ်မှတ်လွဲသွားနိုင်သည်။

ဤ 'ပရကထာ' ၌ပါသော အတ္ထုပ္ပတ္တိရှင်များသည် မိမိနှင့်တစ်စုံတစ် ခုသော အတိုင်းအတာအရ ထိတွေ့မှုရှိကြသော ပုဂ္ဂိုလ်များချည်းဖြစ်၍ မိမိမျက်ဝါးထင်ထင် တွေ့မြင်နေရသော ပစ်မှတ်များသာ ဖြစ်ကြသည်။ မိမိ မမြင်ရ၊ မတွေ့ရသော ပစ်မှတ်များ မဟုတ်ပေ။ မိမိရှေ့မှောက်၌ရှိ သော ပစ်မှတ်ကို အသေအချာချိန်၍ ပစ်ပါလျက်နှင့် တလွဲတချော်ဖြစ် သွားလျှင်ကား မြား၏ အပြစ်မဟုတ်ပေ။ ပစ်မှတ်၏ အပြစ်မဟုတ်ပေ။ မှန်အောင်မပစ်နိုင်သူ၏ အပြစ်သာလျှင် ဖြစ်သည်။

ဤ 'ပရကထာ' ၌ တစ်စုံတစ်ခုသော အတိုင်းအတာအရ မိမိနှင့် ထိတွေ့မှုရှိသော စာပေပညာရှင် စာရေးဆရာ ၂၁ ဦးတို့ကို တစေ့တစောင်း ကြည့်ထားသည်။ တစေ့တစောင်းကြည့်ရုံကြည့်ခြင်းမျှသာ ဖြစ်သည်။ အတ္ထုပ္ပတ္တိရှင်များ၏ ဘဝမှန်ကူကွက် တစ်ကွက်စ၊ နှစ်ကွက်စကို ဖုန်သုတ် ရုံ သုတ်ခြင်းမျှသာ ဖြစ်သည်။

ဤ 'ပရကထာ' ၌ ပါသော အတ္ထုပ္ပတ္တိများသည် စာအုပ်ရိုက်နှိပ်ရန် အတွက် အစအဆုံးရေးသားသော အတ္ထုပ္ပတ္တိများမဟုတ်ဘဲ ထိုထိုစာစောင် များ၌ တစ်ပုဒ်စီတစ်ပုဒ်စီ ရေးသားထားသည်များကို စုစည်းပြီး စာအုပ် အဖြစ် ထုတ်ဝေထားသော အတ္ထုပ္ပတ္တိများဖြစ်သည်။ ထို့ကြောင့်တစ်ပုဒ်တွင်

mgyoe.com

mgyoe.com



ရေးထားသောအကြောင်းအရာများ အခြားတစ်ပုဒ်၌ ပါဝင်နေသည်ကို တွေ့ရလိမ့်မည်။ ယင်းသို့ ဖြစ်နေခြင်းအတွက် စာဖတ်သူအနေနှင့် စာရေးဆရာအား ခွင့်လွှတ်လိမ့်မည်ဟူ၍ မျှော်လင့်ရသည်။

ဤ 'အမှာစကား' သည် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသော 'ပရကထာ' ၌ ပါသော 'အမှာစကား' ဖြစ်သည်။ ယခု ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသော 'ပရကထာ' ၌ စာပေပညာရှင် စာရေးဆရာငါးဦးကို ထပ်မံဖြည့်ထားသည်။

ပါရဂူ
၁၃–၁–၉၇

mgyoe.com

mgyoe.com



## လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး

"မြတစ်ခဲနက်၊ စိမ်းရောင်လက်သား၊ ကျောက်မျက်တောင်ထူး၊ သျှောင်ထွတ်ဖူးဝယ်၊ သုံးဦးမကိုင်၊ ရှိဦးခိုက်၍၊ ဖူးထိုက်ကော်ရော်၊ မြတ်ရှင်တော်အား၊ မြွက်ဘော်သံချို၊ ကျွန်လျှောက်ဆိုအံ့၊ စိမ်းညိုဝိုက်ရစ်၊ သလ္လာမြစ်မူ၊ ချစ်သူကိုပိုက်၊ နှစ်ခြိုက်ပျောင်းပျော့၊ ပျော်ကြောင်း ချော့သို့၊ တောင်တော့်ရှေ့ပါး၊ စီးလိမ့်သွား၏။ ယမားအံ့လောက်၊ တောင်တော်မြောက်က၊ တံလျှောက်ရေသွန်၊ ကတွတ်ပြွန်သို့၊ အလွန် ရှုမော၊ စီးကျလျောရှင့်၊ မြတ်သော ရပ်ဌာန်၊ နက်သန်ကမ်းခုံ၊ ချောင်းမြစ်စုံဝယ်၊ ပေါက်တုံငွားငွား၊ မြသားသစ်တု၊ မေရုညီရင်း၊ ပြိုင်ဘက်ကင်းသည်၊ တောင်မင်း တောင်ထက်၊ တောင်တကား"

မုံရွာမြို့ သလ္လာဝတီမြစ်တစ်ဖက်ကမ်းရှိ ကျောက်မျက်တောင်ဘုရားအား တိုင်တည်ဖွဲ့ဆိုသော ဘုရားတိုင် မင်္ဂလာရတုပိုဒ်စုံမှ ပထမပိုဒ်ဖြစ်သည်။ ၁၉၃၈ ခုနှစ်၊ ဧပြီလတွင် ဖွဲ့ဆိုသော ရတုဖြစ်သည်။ ရတုရေးသားဖွဲ့ဆိုသော ကဗျာဆရာသည် ရတုဖွဲ့ဆိုပြီးနောက် တစ်နှစ်အကြာ ၁၉၃၉ ခုနှစ်၊ ဧပြီလတွင် ကွယ်လွန်သွားလေသည်။

mgyoe.com

mgyoe.com


ကဗျာဆရာ မသေခင်က မှာကြားသွားသည့်အတိုင်း ကဗျာဆရာ ၏ ရုပ်ကလာပ်ကို သလ္လာဝတီမြစ်ကမ်းပါး၌ မီးသင်္ဂြိုဟ်ကြသည်။ ကဗျာဆရာသည် မကွယ်လွန်မီ တစ်နှစ်က ဘုရားတိုင် မင်္ဂလာရတုရေးသားစပ်ဆိုလျက် သလ္လာဝတီမြစ်တစ်ဖက်ကမ်းက ကျောက်မျက်တောင်ဘုရားအား ဦးခိုက်လေသည်။

ယခု ဒုတိယအကြိမ် ဦးခိုက်ပြန်လေပြီ။ ရုပ်ကလာပ် မီးသင်္ဂြိုဟ်သောမီးပုံမှ မီးခိုးများသည် အာကာသကောင်းကင်သို့ တက်သွားပြီးလျှင် သလ္လာဝတီမြစ်ကို ဖြတ်လျက် မြစ်တစ်ဖက်ကမ်းက ကျောက်မျက်တောင်ဘုရားဆီသို့ ဦးတည်ရွေ့သွားကြလေသည်။ ယင်းကဗျာဆရာကား လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး ဖြစ်သည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ၁၉၃၉ ခုနှစ် ဧပြီလတွင် ကွယ်လွန်သွားသည်ဖြစ်၍ လူ့ဘဝတွင် ၆၁ နှစ်မျှသာ နေသွားရသည်။ သို့ရာတွင် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် အရေအတွက် မများလှသော နှစ်ပရိစ္ဆေဒ ကာလအတွင်း စာရေးဆရာ၊ ကဗျာဆရာ၊ ကျမ်းပြုဆရာဆယ်ယောက်၊ အယောက်နှစ်ဆယ်ပေါင်းပြီး ရေးစေကာမူ ယခုလောက် အရေအတွက်များနိုင်မည်မဟုတ်သော စာများ၊ ကဗျာများ၊ ဝတ္ထုများ၊ ကျမ်းများကို ရေးသားသွားခဲ့လေသည်။ တိုတောင်းလှသောဘဝတစ်သက်တာကာလအတွင်း အပေါစား စာများမဟုတ်ဘဲ တည်တံ့ခိုင်ခဲ့သော စာများကိုယခုလောက် အရေအတွက်များများ ရေးသွားနိုင်သောစာရေးဆရာမှာ မြန်မာစာပေလောက၌ တစ်ခေတ်တစ်ယောက် ပေါ်ပေါက်ဖို့ရန် မလွယ်ပေ။

"အကျွန်ုပ် လယ်တီပဏ္ဍိတသည် ၁၂၄၀ ပြည့် တပို့တွဲလဆန်း ၉ ရက် ကြာသပတေးနေ့ နံနက်အရုဏ်တက်တွင် ဖွားမြင်ခဲ့ပေသည်။ ယခု ၁၂၈၈ ခု တပို့တွဲလဆန်း ၉ ရက်နေ့သည် ကြာသပတေးနေ့ပင်ဖြစ်သည်။ ဤပဋ္ဌာန်း အမေးအဖြေကျမ်းလည်း မွေးလ၊ မွေးရက်၊ မွေးနေ့တွင်ပြီးဆုံး၏"

ပဋ္ဌာန်းအမေးအဖြေကျမ်းနိဂုံး၌ ကျမ်းပြုဆရာကိုယ်တိုင်ရေးသားဖော်ပြထားသည်ကိုထောက်၍ လယ်တီပဏ္ဍိတ၏ မွေးသက္ကရာဇ်ကို သိရှိရသည်။

mgyoe.com

mgyoe.com

လယ်တီပဏ္ဍိတ၏ ဇာတိမှာ မုံရွာမြို့တောင်ဘက် ခုနစ်မိုင်အကွာ ရှိ ညောင်ဖြူပင်ရွာဖြစ်သည်။ မိဘနှစ်ပါး၏ အမည်မှာ ဦးရောက်နှင့် ဒေါ်ထပ်တို့ဖြစ်ကြသည်။ ငယ်စဉ်က လယ်တီပဏ္ဍိတကို မောင်သန့်ဟု ခေါ်သည်။ မောင်သန့်သည် ၇ နှစ်သားအရွယ်တွင် ညောင်ဖြူပင်ရွာ မရမ်းပင်ကျောင်း ဘုန်းတော်ကြီးထံ၌ ဘုန်းကြီးကျောင်းသားဘဝဖြင့် စာ စသင်သည်။

သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ ပရိတ်ကြီး၊ လောကနီတိတို့ကို တစ်နှစ်အတွင်း သင်ကြားတတ်မြောက်၍ လောကနီတိချိုး၊ ဓမ္မနီတိချိုးတို့ကိုလည်း နှုတ်ငုံ အာဂုံရသည်။ ကိုးနှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်သည်။ ရှင်သာမဏေဘွဲ့အမည်မှာ ရှင်ပဏ္ဍိစ္စဖြစ်သည်။

ရှင်ပြုပြီး မကြာခင်မှာပင် မိခင်ဒေါ်ထပ် ကွယ်လွန်အနိစ္စရောက်သဖြင့် ရှင်လိင်ပြန်ပြီး ဖခင်အိုကြီးနှင့်အတူ နေထိုင်ရသည်။ အသက် ၁၃ နှစ် အရွယ်တွင် ဖခင်ကွယ်လွန်ပြန်သဖြင့် မွေးချင်းပေါက်ဖော်မရှိသော သူငယ် မောင်သန့်သည် တစ်ကောင်ကြွက်တစ်မျက်နှာဘဝဖြင့် လောကကြီးအလယ်တွင် ညှိုးညှိုးငယ်ငယ်နေရရှာသည်။

မိဘမဲ့သားသမီးများ ဖြစ်လေ့ဖြစ်ထရှိကြသည့်အတိုင်း အတည်တကျ နေရသည်မရှိဘဲ ကိုရင်ဝတ်လိုက်၊ ရှင်လိင်ပြန်လိုက်နှင့် မျောက်သစ်ကိုင်းလွတ် ဖြစ်နေခဲ့ရာမှ အသက် ၁၈ နှစ်အရွယ်ရောက်သောအခါ စတုတ္ထအကြိမ် ရှင်သာမဏေဝတ်ပြီးလျှင် ၁၈၉၉ ခု မတ်လတွင် မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးထံ ရောက်ရှိသွားလေသည်။

လယ်တီဆရာတော်ဘုရားကြီးထံ ရောက်သွားချိန်မှစ၍ ရှင်ပဏ္ဍိစ္စ၏ ပညာရေးဇာတာစန်းလင် စတင်ပွင့်လာသည်။ လယ်တီဆရာတော်၏ ဆရာများထဲတွင် တစ်ပါးအပါအဝင်ဖြစ်သော စလင်း ဆရာတော်၏ ဘွဲ့မှာ ဦးပဏ္ဍိစ္စဖြစ်သည်။ ဆရာတော်ကြီးများသည် မိမိတို့၏ ရှင်သာမဏေများအား ဘွဲ့အမည်ပေးသောအခါ မိမိတို့ လေးစားဦးခိုက်ရသော ဆရာသမားတစ်ပါးပါး၏ ဘွဲ့အမည်ကို ပေးလေ့ပေးထမရှိကြပေ။ မိမိဆရာ၏ အမည်ကို မိမိတပည့်အား မှည့်ခေါ်ထားပါက မိမိတပည့်၏ အမည်ကို ခေါ်လျှင် မိမိဆရာ၏အမည်ဖြစ်နေသည့်အတွက် စိတ်မသိုးမသန့်ဖြစ်ရသည်။

mgyoe.com

mgyoe.com

ရှင်ပဏ္ဍိစ္စ လယ်တီဆရာတော်ထံရောက်လာသောအခါ လယ်တီဆရာတော်သည် မိမိတပည့် ရှင်ပဏ္ဍိစ္စကို ခေါ်လျှင် 'ပဏ္ဍိစ္စ' ဟု ခေါ်ရမည်။ ယင်းသို့ခေါ်ပါက မိမိဆရာ စလင်းဆရာတော်၏ဘွဲ့အမည်မှာ ဦးပဏ္ဍိစ္စ ဖြစ်နေသည့်အတွက် ဆရာသမားကို လေးစားကြည်ညိုရင်းစွဲရှိစေကာမူ စိတ်နှလုံးကြည်လင်မှုဖြစ်မည်မဟုတ်ပေ။ ထို့ကြောင့် လယ်တီဆရာတော်သည် ရှင်ပဏ္ဍိစ္စ၏ ဘွဲ့အမည်ကို ရှင်ပဏ္ဍိတဟု ပြင်မှည့်လိုက်လေသည်။

ရှင်ပဏ္ဍိတသည် လယ်တီဆရာတော်ထံ၌ ပိဋကတ်အခြေခံကျမ်းဂန်များကို သင်ကြားသောအခါ ဉာဏ်ထက်မြက်သူဖြစ်သဖြင့် ဆရာတော်ဘုရားကြီးကိုယ်တိုင် ထုတ်ဖော်ချီးကျူးရလောက်အောင် ထူးထူးချွန်ချွန် တတ်မြောက်သွားလေသည်။

အသက် ၂၀ ပြည့်သောအခါ ရဟန်းဘဝရောက်ရှိသွားပြီး မကြာမီမှာပင် လယ်တီတိုက်ကြီးတွင် စာချပုဂ္ဂိုလ်ဖြစ်လာသည်။ ဦးပဏ္ဍိတသည် ပိဋကတ်ကျမ်းစာများကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လာသည့်အပြင် ရာဇဝင်၊ မဟာဝင်၊ ဒီပဝင် စသော လောကီ၊ လောကုတ္တရာ ပညာဗဟုသုတပြည့်ဝသော ရဟန်းအကျော်အမော်ဖြစ်လာသည်။

ငယ်စဉ်ကပင် လောကနီတိချိုး၊ ဓမ္မနီတိချိုးများကို သင်ကြားခဲ့ရပြီး ကဗျာမျိုးစေ့ပါလာသူ ဦးပဏ္ဍိတသည် လယ်တီဆရာတော်၏ ကဗျာအဖွဲ့အနွဲ့များကို လေ့လာရသောအခါ ကဗျာဗီဇအညွန့်အညှောက်ပေါက်လာပြီးလျှင် ကဗျာဆရာတစ်ဦးဖြစ်လာသည်။

ထိုအချိန်၌ ဦးပဏ္ဍိတသည် ပါဠိ သဒ္ဒါ ကျွမ်းကျင်နိုင်နင်းသဖြင့် 'သဒ္ဒါပဏ္ဍိတ' ဟူ၍လည်းကောင်း၊ ကဗျာအဖွဲ့အနွဲ့ပြောင်မြောက်သဖြင့် 'ကဗျာပဏ္ဍိတ' ဟူ၍လည်းကောင်း ထင်ရှားကျော်စောသွားလေသည်။

လယ်တီဆရာတော်နှင့် ခေတ်ပြိုင်ဆရာတော်များထဲတွင် ထင်ရှားကျော်ကြားသော ဆရာတော်တစ်ပါးမှာ ဝိသုဒ္ဓါရုံ ဆရာတော်ဖြစ်သည်။ ဝိသုဒ္ဓါရုံဆရာတော်သည် ပါဠိကျမ်းဂန်များကို နှံ့စပ်ကျွမ်းကျင်သည်သာမကဘဲ သင်္သကရိုက်ဘာသာလည်း တတ်မြောက်တော်မူသည်။

ဘုရားဟော ပါဠိ ပိဋကတ်တော်များ၌ အိန္ဒိယနောက်ခံများ အများအပြားပါဝင်သည့်အပြင် သင်္သကရိုက် အငွေ့အသက်များလည်း ပတ်ဝန်း

mgyoe.com

mgyoe.com


ကျင်အခြေအနေအရ ပါဝင်နေကြသည်ဖြစ်၍ အိန္ဒိယနောက်ခံနှင့် သင်္ကရိုက်ဘာသာသည် ပိဋကတ် ပါဠိကျမ်းဂန်သိမြင်သဘောပေါက်ရေး၌ အကူအညီ အထောက်အပံ့ ဖြစ်နေသည်။

ထို့ကြောင့် ရှေးခေတ်က ဆရာတော်များသည် အထူးအားဖြင့် ရွှေကျင်ဂိုဏ်းဝင်ဆရာတော်အချို့သည် သင်္ကရိုက်ဘာသာကို လေ့လာဆည်းပူးကြသည်။ ရွှေကျင်ဂိုဏ်း အဘယာရာမ ဆရာတော်သည် ပါဠိပိဋကတ်ကျမ်းဂန်များကို ထူးထူးခြားခြား ကျွမ်းကျင်တတ်မြောက်သည့်အပြင် မြန်မာနိုင်ငံ သင်္ကရိုက် စာပေသမိုင်း၌ ကဏ္ဍတစ်ရပ်ကို ဖွင့်ပေးခဲ့သည့် ဆရာတော်ဖြစ်သည်။

ဝိသုဒ္ဓါရုံဆရာတော်ကြီးလည်း အလားတူပင် ပါဠိစာပေနှင့် တွဲဖက်၍ သင်္ကရိုက်ဘာသာကိုလည်း လေ့လာဆည်းပူးထားသော ဆရာတော်ဖြစ်သည်။ ထို့ကြောင့် လယ်တီဆရာတော်သည် သူ၏တပည့် ဦးပဏ္ဍိတအား ပါဠိ ကျမ်းဂန်စာပေမျှကိုသာမက သင်္ကရိုက် ကျမ်းဂန်စာပေကိုပါ ကျွမ်းကျင်တတ်မြောက်သော ခေတ်ပြိုင်ဝိသုဒ္ဓါရုံ ဆရာတော်ထံ စေလွှတ်၍ တပည့်ခံစေသည်။ ယင်းသို့ ပြုလုပ်ခြင်း၌ လယ်တီဆရာတော်ကြီး၏ အမြင်ကြီးမား ကျယ်ပြန့်ပုံပေါ်လွင်နေပေသည်။ ဆရာတော်ကြီးသည် မိမိတပည့်အား ဂိုဏ်းဂဏ အစွဲမထားဘဲ တခြားဂိုဏ်းဂဏမှ ဆရာတော်တစ်ပါးထံ တပည့်ခံစေပြီး ဗဟုသုတရယူစေခဲ့သည်။

ဦးပဏ္ဍိတအား 'လယ်တီပဏ္ဍိတ' ဟု ခေါ်ကြခြင်းမှာ ရဟန်းသုံးဝါအရ ဝိသုဒ္ဓါရာမတိုက်တွင်နေစဉ် ထိုအချိန်ကဖြစ်သည်။ ဝိသုဒ္ဓါရုံဆရာတော်ကြီးသည် ဦးပဏ္ဍိတအား လယ်တီတိုက်မှ လာသူဖြစ်သောကြောင့်လည်းကောင်း၊ လယ်တီဆရာတော်၏ တပည့်ရင်းဖြစ်သောကြောင့်လည်းကောင်း လယ်တီပဏ္ဍိတဟု ခေါ်သည်။ ထိုအချိန်မှစ၍ လယ်တီပဏ္ဍိတအမည်တွင်လာခြင်းဖြစ်သည်။

ထိုအချိန်က အကြောင်းကို ရည်ညွှန်းလျက်

*"မဟာထေရံ သုနိဿာယ၊*
*သက္ကတေသွတိ ကောဝိဒံ၊*
*ယထာဉာဏံ ကောဝိဒေါမှိ၊*

mgyoe.com

mgyoe.com

*ပဏ္ဍိတော သက္ကတေသွဟံ "*

*[ကျွန်ုပ်ပဏ္ဍိတသည် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးထံ၌ သက္ကတဘာသာကို သင်ကြားအားထုတ်ခဲ့ရာ ဉာဏ်စွမ်းရှိသလောက် ကျွမ်းကျင်တတ်မြောက်ခဲ့ပြီ]*

ဟူ၍ လယ်တီပဏ္ဍိတကိုယ်တိုင် ဂါထာဖွဲ့၍ ထုတ်ဖော်ရေးသားထားလေသည်။

ထိုအချိန်၌ ဝိသုဒ္ဓါရုံဆရာတော်ကြီးထံတွင် မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်မှ ရဟန်းသံဃာတော်များသာမက သီရိလင်္ကာ (သီဟိုဠ်)၊ ထိုင်း (ယိုးဒယား) စသော ပြည်ပနိုင်ငံများမှ စာသင်သားရဟန်းတော်များလည်း လာရောက် ပညာဆည်းပူးကြသည်။ ယင်းတို့အထဲတွင် သီရိဓမ္မအမည်ရှိ သီဟိုဠ်ရဟန်းတော်တစ်ပါးလည်း ပါသည်။ ပါဠိဘာသာ ကျွမ်းကျင်နိုင်နင်းသော ထိုရဟန်းတော်သည် ဝိသုဒ္ဓါရုံတိုက်တွင်ရှိစဉ်က ဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ဂါထာအဖွဲ့များကို ပါဠိဂါထာအဖွဲ့ဖြင့် ရေးသားသည်။ ယင်းထေရုပ္ပတ္တိ ဂါထာအဖွဲ့များကို လယ်တီပဏ္ဍိတက နိဿယ ပြန်ဆိုသည်။

မိမိသည် ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကိုအမှီသဟဲပြု၍ သင်္သကရိုက်ဘာသာကျွမ်းကျင်တတ်မြောက်ရသည်ဟု လယ်တီပဏ္ဍိတ ဝန်ခံထားခြင်းမှာ ယင်းထေရုပ္ပတ္တိနိဿျ၌ ဖြစ်သည်။

နောက်ပိုင်း၌ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၏ 'သကုဏ္ဍလ'၊ 'စာဏကျနီတိ' စသော သင်္သကရိုက်ဘာသာ မှီငြမ်းပြု စာအုပ်များထွက်ပေါ်လာခြင်းမှာ ဝိသုဒ္ဓါရုံဆရာတော်ကြီးထံတွင် သင်္သကရိုက်ဘာသာ သင်ယူခဲ့ခြင်း၏ အသီးအပွင့်များဖြစ်ကြသည်။

*

လယ်တီပဏ္ဍိတသည် လူမထွက်ခင် ရဟန်းဘဝကပင် စတင်ပြီး ကျမ်းစာများကို ရေးသားနေပြီ။ ရဟန်းငါးဝါအရလောက်ကပင် စတင်၍ ပစ္စယမဉ္ဇရီ၊ ဝိထိမဉ္ဇရီ စသော အဘိဓမ္မာနှင့် ပတ်သက်သော ကျမ်းများကိုလည်းကောင်း၊ သဒ္ဒမဉ္ဇရီ စသော သဒ္ဒါနှင့်ပတ်သက်သည့် ကျမ်းများကိုလည်းကောင်း ရေးသားခဲ့သည်။

mgyoe.com

mgyoe.com

ထိုအချိန်၌ လယ်တီပဏ္ဍိတရေးသော စာအုပ်ထဲက ခေတ်အစားဆုံး စာအုပ်များမှာ သောတမာလာ၊ ဒေသနာမဥ္စရီ၊ သာစုသုန္ဒရီ စသော တရားစာအုပ်များဖြစ်သည်။ ယင်းတရားစာအုပ်များ၏ အဖွင့်စာမျက်နှာတွင် လယ်တီပဏ္ဍိတ၏ ရဟန်းဘဝဓာတ်ပုံ ပါရှိသည်။

အမှန်မှာ ယင်းတရားစာအုပ်များသည် တရားဟောသော ဘုန်းကြီးများအတွက် အဓိကထားပြီး ရေးသားသည့် စာအုပ်များဖြစ်သည်။

ဘုန်းတော်ကြီးများဟောသော တရားဟောနည်းတွင် ယပ်ထောင်ဟောနည်း၊ ယပ်လှဲဟောနည်းဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ ယပ်ထောင်ဟောနည်းမှာ ယပ်လှဲဟောနည်း မပေါ်ခင်က ဟောသောနည်းဖြစ်သည်။

ရှေးယခင်က တရားဟောသော ဓမ္မကထိကသည် မိမိ၏ရှေ့၌ ဘုန်းကြီးများ ကိုင်ဆောင်သည့် ထန်းလက်နှင့်လုပ်ထားသော အရိုးကွေးကွေး ယပ်တောင်ကြီးကို ထောင်ကိုင်ထားပြီး တရားဟောလေ့ရှိသည်။ ရှေ့တွင် ထောင်ကိုင်ထားသော ယပ်တောင်ကြီးသည် တရားဟော ဓမ္မကထိက၏ တစ်ကိုယ်လုံးကို ကွယ်ထားသည်။ တရားဟောသောအခါတွင်လည်း သံနေသံထားမပါဘဲ ရိုးရိုးပင်ဟောသွားသည်။

နောက်ပိုင်းတွင်ကား ယပ်ထောင်တရားဟောနည်း၏ နေရာတွင် ယပ်လှဲတရားဟောနည်း ပေါ်လာသည်။

ယပ်လှဲတရားဟောနည်းဖြင့် တရားဟောသော ဓမ္မကထိကသည် ယပ်ကို လှဲထားရုံမျှသာမကတော့ဘဲ နောက်ပိုင်း၌ လုံးလုံးပင် အသုံးမပြုတော့ပေ။ တရားဟောသောအခါတွင်လည်း ယပ်ထောင် တရားဟောသလို မဟုတ်တော့ဘဲ ဂါထာနှင့်အနက်ကို သာယာနာပျော်ဖွယ်ရှိအောင် သံနေသံထားဖြင့် ရွတ်ဆိုဟောပြောကြသည်။

ယပ်လှဲတရားဟောနည်း တွင်ကျယ်ခေတ်စားလာသောအခါ ယပ်ထောင်တရားဟောနည်း တစ်စတစ်စ ကွယ်သွားသည်။ ယပ်ထောင်တရားဟောနည်း ကွယ်ပျောက်သွားသည့်အချိန်မှစ၍ ထန်းလက်ယပ်တောင်ကြီးကို အသုံးပြုသော အစဉ်အလာလည်း တဖြည်းဖြည်း မှေးမှိန် ကွယ်ပျောက်သွားသည်။

ယခုအခါတွင်ကား ဘုန်းတော်ကြီးများသည် ယပ်တောင်ကြီးအစား

mgyoe.com

mgyoe.com
ယပ်တောင်ယပ်ကိုသာလျှင် အသုံးပြုကြသည်။ ယပ်တောင်တစ်ခုလုံး ကတ္တီပါအစဖြင့် ဖုံးအုပ်ချုပ်ထားပြီး ကတ္တီပါစပေါ်၌ ယပ်တောင်ရှင်၏ ဘွဲ့နှင့် ဘွဲ့ထူး ဂုဏ်ထူးများကို ပိုးချည်ဖြင့် ရေးထိုးထားကြသည်။

လယ်တီပဏ္ဍိတ၏ တရားစာများသည် ယပ်လှဲတရားဟောဓမ္မကထိကများအတွက် အဓိကအားဖြင့် ရည်ရွယ်ရေးထားသော ကျမ်းစာများဖြစ်သည့်အတိုင်း ကျမ်းစာများကိုပင် 'သာဓုသုန္ဒရီ ယပ်လှဲတရားစာ' စသည်ဖြင့် အမည်တပ်ထားသည်။

အဖွဲ့အနွဲ့ နိုင်နင်းသူဖြစ်သည့်အတိုင်း ပိဋကတ်တော်လာဂါထာများ၏ အနက်ကိုလည်းကောင်း၊ မိမိကိုယ်တိုင်ရေးစပ်သော ရစနာဂါထာများ၏ အနက်ကိုလည်းကောင်း၊ ကဗျာသား၊ စာသား ဝေဝေဆာဆာဖြင့် ရေးစပ်သီကုံးထားသည်ဖြစ်၍ သံနေသံထားဖြင့် ရွတ်ဆိုသော ယပ်လှဲဓမ္မကထိကများအတွက် အထူးပင် အံဝင်ခွင်ကျဖြစ်နေသည်။

ထို့ကြောင့် လယ်တီပဏ္ဍိတ၏ ယပ်လှဲတရားစာများသည် ယပ်လှဲဓမ္မကထိကတိုင်း၏ လက်စွဲဖြစ်နေကြသည်။ တရားဟောသူ၏ လက်ကိုင်ဖြစ်နေရုံမျှသာမကဘဲ တရားနာသူများ၏ လက်ထဲတွင်လည်း ရောက်ရှိနေကြသည်။ ထို့ကြောင့် ထိုအချိန်က လယ်တီပဏ္ဍိတ၏ တရားစာများသည် အလွန်တရာခေတ်စား ပြန့်ပွားသွားခြင်းဖြစ်လေသည်။

*

ထိုအချိန်အတွင်း လယ်တီပဏ္ဍိတ ဗွေဖောက်လာသည်။ သာသနာတော်တွင် မပျော်ပိုက်တော့ပေ။ ရဟန်းဘဝနှင့်ဆက်လက် နေထိုင်လိုစိတ်မရှိတော့ပေ။ မြင့်ရာမှ နိမ့်ရာသို့ ခုန်ဆင်းလိုစိတ် ပေါ်လာသည်။

လယ်တီဆရာတော်ကြီးသည် လယ်တီပဏ္ဍိတအား အထူးမျှော်လင့်အားထားသည်ဖြစ်၍ ပိုးမွေးသလို မွေးလာခဲ့သည်။ စာတတ်၊ ပေတတ်၊ ပညာတတ် တစ်ယောက်ဖြစ်အောင် ဖန်တီးခဲ့သည်။ သူမရှိတော့သည့်နောက် သူ့ကိုယ်စား လယ်တီပဏ္ဍိတအား ထားပစ်ခဲ့ချင်သည်။ လယ်တီပဏ္ဍိတ လူဝတ်လဲတော့မည်ဆိုသည်ကို သိရသောအခါတွင်ကား လယ်တီဆရာတော်ကြီး ခဲလေသမျှ သဲရေကျ ဖြစ်ရသည်။ မျှော်လင့်ချက်တောင်ကြီး ပြိုကွဲသွားလေတော့သည်။
mgyoe.com

mgyoe.com

ထိုအချိန်က လယ်တီပဏ္ဍိတသည် လယ်တီဆရာတော်ကြီးနှင့်အတူ ပျဉ်းမနားမြို့တွင် နေထိုင်သီတင်းသုံးလျက်ရှိသည်။ လယ်တီဆရာတော်ကြီးသည် အလျှော့မပေးသေးဘဲ လယ်တီပဏ္ဍိတအား သာယာဝတီမင်းလှမြို့စံကျောင်းသို့ ခေါ်သွားပြီးလျှင် လူမထွက်ရန် တစ်နေ့လုံး တရားပြဆိုဆုံးမတော်မူလေသည်။ သို့သော်လည်း လယ်တီဆရာတော်ကြီး၏ တရားအဆုံးအမသည် လယ်တီပဏ္ဍိတ၏ ဆုံးဖြတ်ချက်ကို ပြောင်းလဲစေခြင်းငှာ မတတ်နိုင်ပေ။ လယ်တီပဏ္ဍိတက "တပည့်တော် ဆုံးဖြတ်ပြီးပြီဖြစ်၍ ခွင့်လွှတ်တော်မူပါဘုရား" ဟူ၍ လယ်တီဆရာတော်ကြီးအား ပြန်လည်လျှောက်ထားလေသည်။

ထိုအခါ လယ်တီဆရာတော်ကြီးက "သယ်....ပဏ္ဍိတ၊ ငါ့ကို နင်ဘယ်တုန်းက ပြန်လျှောက်ဖူးလို့လဲ" ဟူ၍ ငေါက်ငမ်းပြီးလျှင် တောင်ဝှေးကို ထဆွဲရာ လယ်တီပဏ္ဍိတသည် လယ်တီဆရာတော်ကြီး ရှေ့မှောက်က တစ်ချိုးတည်းလစ်ပြီးလျှင် မီးရထားဖြင့် ပျဉ်းမနားအရောက်ပြေးလေတော့သည်။

ပျဉ်းမနားမြို့တွင် လယ်တီပဏ္ဍိတသည် အသက် ၃၀ အရွယ်၊ ရဟန်း ၉ ဝါအရ ၁၉၀၈ ခုနှစ် ဖေဖော်ဝါရီလတွင် သာသနာ့ဘောင်ကို ကျောခိုင်းလျက် လူ့ဘောင်အတွင်း ပြန်လည်ရောက်ရှိလာလေသည်။ လယ်တီပဏ္ဍိတသည် လယ်တီဆရာတော်ကြီးအား အလွန်တရာ ချစ်ကြောက်ရိုသေသည်။ လယ်တီဆရာတော်ကြီးအား လယ်တီပဏ္ဍိတက ချစ်ကြောက်ရိုသေပုံမှာ ဝက္ကလိက မြတ်စွာဘုရားအား ကြည်ညိုပုံမျိုးဆန်နေသည်။

ကလေးသူငယ်ဘဝ ဆရာတော်ကြီးနှင့် စတွေ့စဉ်က ဆရာတော်ကြီးအား ခင်မင်ကြည်ညိုပြီး ဆရာတော်ကြီးထံ လိုက်သွားခြင်းဖြစ်ကြောင်း၊ ဆရာတော်ကြီး၏ ဖြူဖြူဖွေးဖွေးပြည့်ပြည့်ဖြိုးဖြိုး လက်မောင်းသားကြီးကို မြင်ရသည်မှာ အလွန်ကြည်ညိုစရာကောင်းကြောင်း စသည်ဖြင့်နောက်ပိုင်းတွင် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးက သူ့တပည့်အချို့ကို ပြောပြဖူးသည်။

လယ်တီပဏ္ဍိတသည် လယ်တီဆရာတော်ကြီးအား မိဘကဲ့သို့လည်း ချစ်ခင်သည်။ ဆရာသမားကဲ့သို့လည်း ကြည်ညိုလေးစားသည်။ ကျေးဇူးရှင်ကဲ့သို့လည်း ကျေးဇူးတုံ့ပြန်လိုသည်။ ထို့ကြောင့် လူထွက်မည်ကြံစည်

mgyoe.com

mgyoe.com

သောအခါ ဆရာတော်ကြီး သံယောဇဉ်ကြိုးနှင့် လောကီသံယောဇဉ်ကြိုး ကြိုးနှစ်ကြိုးသည် သူ့ဘက်ကိုယ့်ဘက် ပါအောင် တုတ်နှောင်ဆွဲငင်ထား သဖြင့် လယ်တီပဏ္ဍိတသည် မလှုပ်သာမလှည့်သာ ဖြစ်ခဲ့ရလေသည်။

လောကီအာရုံဘက်က အားသာသွားသဖြင့် လောကီလူ့ဘဝရောက် သွားသော်လည်း ဆရာတော်ကြီးသံယောဇဉ်ကြိုးသည် တန်းလန်းပင်ရှိနေ သည်။ ဆရာတော်ကြီးအား ပစ်ပစ်ခါခါ မလုပ်လိုပေ။ ဆရာတော်ကြီး အား ချစ်ကြောက်ရိုသေစိတ်သည် ထက်သန်အားကောင်းနေတုန်းပင်ရှိ သေးသည်။ ယင်းအချက်ကို လူထွက်ပြီး မကြာခင် ဖြစ်ပျက်သော အဖြစ် အပျက်တစ်ခုက သက်သေခံနေသည်။

လယ်တီပဏ္ဍိတသည် ပျဉ်းမနားပြန်သွားပြီး မကြာခင် လူဝတ်လဲလိုက် သော်လည်း လယ်တီဆရာတော်ကြီးသည် လယ်တီပဏ္ဍိတလူထွက်သွားပြီ ဆိုသည်ကို မသိပေ။ ထိုအတွင်း လယ်တီဆရာတော်ကြီးသည် မြိတ်မြို့ သို့ တရားဟောကြွသည်။

ဆရာတော်ကြီးသည် ဝါပအခါများ၌ တစ်ကျောင်းတစ်နေရာ၌ ကြာ ရှည်လေးမြင့်စွာ သီတင်းသုံးနေလေ့မရှိပေ။ မြန်မာပြည်အနှံ့အပြား ကြွ၍ တရားဒေသနာ ဟောကြားဖြန့်ဖြူးနေလေ့ရှိသည်။ ဆရာတော်ကြီး ဟော ကြားသောတရားဒေသနာထဲတွင် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ အသက် သခင် ကျေးဇူးရှင်ဖြစ်သော နွားသတ္တဝါများအပေါ် မေတ္တာထားလျက် နွားသားရှောင်ကြဉ်ရန် အဆုံးအမသည် အဓိကအခန်းမှ ပါဝင်သည်။

မြိတ်မြို့သို့ကြွသောအခါတွင် တပည့်ကြီးများဖြစ်ကြသော လယ်တီ ဦးဝါယမနှင့် လယ်တီဦးကိတ္တိတို့ကို ခေါ်သွားသည်။ လယ်တီပဏ္ဍိတလူ ထွက်နေမှန်း မသိသေး၍ လယ်တီပဏ္ဍိတကိုပါ ခေါ်သွားရန် ပျဉ်းမနားသို့ ကြေးနန်းအရိုက်ခိုင်းသည်။ တပည့်များသည် ဆရာတော်ကြီးအား အထူး ပင်ကြောက်ရွံ့ရိုသေကြသည်။ ဆရာတော်ကြီး၏ အာဏာကို မလွန်ဆန်ရဲ ကြ။ ထို့ကြောင့် လယ်တီဦးဝါယမတို့က ပျဉ်းမနားသို့ ကြေးနန်းရိုက်လိုက် သည်။

ထိုအချိန်၌ လယ်တီပဏ္ဍိတ လူထွက်ပြီးနေပြီ။ သို့သော်လည်း လယ်တီ ပဏ္ဍိတသည် ဆရာတော်ကြီး အခိုက်အတန့် စိတ်ချမ်းသာမှုရရှိရန် စီစဉ်

mgyoe.com

mgyoe.com

လိုက်လေသည်။ လူထွက်နေရာမှ ကိုရင်ပြန်ဝတ်သည်။ ကိုရင်ဝတ်ကြီးနှင့်ပင် ဆရာတော်ကြီး၏အမိန့်အတိုင်း လယ်တီဦးဝါယမ စသော အခြားတပည့်များနှင့်အတူ ဆရာတော်ကြီးနောက် မြိတ်မြို့သို့ လိုက်သွားလေသည်။ မြိတ်မြို့မှ ပြန်လာပြီး နောက်ကျမှ လူဝတ်တစ်ဖန် ပြန်လဲလေသည်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ရဟန်းဘဝ လယ်တီပဏ္ဍိတအဖြစ်နှင့် ရှိစဉ်က သင်္ကန်းဝတ်နှင့်ကြည့်၍ အင်မတန်ကောင်းသည်။ ကိုယ်ကာယ အနေအထားပြေပြစ်သည်။ မျက်လုံးမျက်ဖန်ကောင်းသည်။ နှာတံပေါ်သည်။ အသားဖြူဖြူ ပြည့်ပြည့်ဖြိုးဖြိုးရှိသည်။ လက်မောင်းနှစ်ဖက်မှာ သူ၏ ဆရာလယ်တီဆရာတော်ကြီး၏ လက်မောင်းကဲ့သို့ပင် ဆင်နှာမောင်းပမာ တညီတညာတည်း ပြည့်ဖြိုးသွယ်တန်းနေသည်။ အဟောကောင်းအပြောကောင်းလည်းဖြစ်သည်။ လယ်တီဆရာတော်၏ အမြှောက်အစားလည်းခံရသည်။

ယင်းဂုဏ်ပုဒ်များကပင် သူ့ကို ရဟန်းဘဝက စွန့်သွားအောင် ဖန်တီးလိုက်ဟန်တူသည်။ ၁၉၀၈ ခုနှစ် အသက် ၃၀ အရွယ် လူဝတ်လဲလိုက်ပြီးသည့်နောက်တွင် ငယ်နာမည်မောင်သန့်မဟုတ်တော့ဘဲ ဦးမောင်ကြီးဟု တွင်ပြီးလျှင် နောက်ပိုင်းတွင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး အဖြစ်ထင်ရှားကျော်ကြားလာလေသည်။

*

ဘုန်းကြီးရဟန်းများ လူ့ဘောင် ရောက်လာကြသောအခါ လောကီလူ့ဘောင်၏ အစဉ်အလာအတိုင်း အိမ်ထောင်သားမွေးပြုကြသည်။ ယင်းအစဉ်အလာအရ ဆရာဦးမောင်ကြီးလည်း ပျဉ်းမနားမြို့ ဦးအောင်ဒွန်း–ဒေါ်ငြိမ်းတို့၏သမီး မမကြီးနှင့် လက်ထပ်ထိမ်းမြားသည်။

လောကီလူ့ဘောင်တွင် အိမ်ထောင်သားမွေးပြုလုပ်သောအခါ ဘုန်းကြီးရဟန်းများကဲ့သို့ သူတစ်ပါး အထောက်အပံ့နှင့်ရပ်တည်နေသွားရန် မဖြစ်နိုင်တော့ပေ။ အသက်မွေးကျောင်းမှုတစ်ခုခု ပြုလုပ်ဖို့ လိုလာသည်။ ဦးမောင်ကြီးသည် သူတတ်သောပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် ဆုံးဖြတ်လိုက်ပြီး ယခင်က အရှိန်ရခဲ့သောစာရေးခြင်းအလုပ်ကို ပျဉ်းမနားမြို့မှပင် စတင်လုပ်ကိုင်သည်။

mgyoe.com

mgyoe.com

လယ်တီဆရာတော်၏ တပည့်တစ်ဦးဖြစ်သော လယ်တီ ဦးဝါယမသည် ရန်ကုန်တွင် ဓမ္မဒေသနာအမည်ရှိ တရားသတင်းစာ တစ်စောင် ထုတ်ဝေနေရာ ယင်းတရားသတင်းစာတွင် ပျဉ်းမနားမှနေ၍ ဆောင်းပါးများ ရေးပေးနေသည်။ ဓမ္မဒေသနာတစ်စောင်လုံးလိုလိုအတွက် ဆရာဦးမောင်ကြီး ဒိုင်ခံရေးပေးသည်။ ဓမ္မဒေသနာ တရားသတင်းစာတိုက်မှ ဆရာဦးမောင်ကြီးထံ တစ်လ ငွေ ၃၀ ကျပ် တင်ပို့သည်။ သို့ရာတွင် ယင်းတရားသတင်းစာမှာ ဖြစ်ဖြစ်မြောက်မြောက် ထုတ်ဝေသည့် သတင်းစာမဟုတ်၍ ဆရာဦးမောင်ကြီးအတွက် ထင်သလောက်ခရီးမရောက်ပေ။ ထို့ကြောင့် ပျဉ်းမနားတွင် သုံးနှစ်လောက်နေပြီး ဆရာဦးမောင်ကြီးသည် မန္တလေးပြောင်းရွှေ့သွားသည်။ မန္တလေးတွင် ထင်တိုင်းမပေါက်သည့်အတွက် တစ်နှစ်မျှသာနေပြီး လမ်းစပေါ်လာသောအခါ ရန်ကုန် ပြောင်းရွှေ့လာသည်။ ရန်ကုန်သို့ ပြောင်းရွှေ့လာသောအခါ ဆရာဦးမောင်ကြီးအတွက် စာပေလောကတံခါးကြီးပွင့်လာလေသည်။

ရန်ကုန်သို့ ဆရာဦးမောင်ကြီးအား ပင့်ဖိတ်ခေါ်ယူသူမှာ မြန်မာ့အလင်းမဂ္ဂဇင်းထုတ်သူ ဦးရွှေကြူးဖြစ်သည်။ ဦးရွှေကြူးသည် မြန်မာနိုင်ငံ ပိဋကတ် မြန်မာဘာသာပြန် လုပ်ငန်းနှင့် စာနယ်ဇင်းလုပ်ငန်းများကို ဖွဲ့ဆော်ဦး လုပ်ကိုင်သူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ဘားလမ်းတွင် 'ရွှေကြူးကုမ္ပဏီ' ဖွင့်လှစ်ပြီးလျှင် တခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရင်း ၁၂၇၃ ခုနှစ်၌ ဆရာမြို့၊ ဦးရွှေလှေးတို့နှင့်အတူ ပိဋကတ်ဘာသာပြန်လုပ်ငန်းကိုလည်း စတင်လုပ်ကိုင် ဆောင်ရွက်သည်။

ထို့ပြင် ရွှေကြူးပုံနှိပ်တိုက်ထောင်လျက် ခရစ်နှစ် ၁၉၁၂ ခုနှစ်တွင် မြန်မာ့အလင်းမဂ္ဂဇင်းကို စတင်ထုတ်ဝေသည်။ မြန်မာ့အလင်းမဂ္ဂဇင်းအရင်ကလည်း မဂ္ဂဇင်းများ ရှိခဲ့ကြသည်။ သို့သော်လည်း ယင်းမဂ္ဂဇင်းများမှာ ဆုံးမစာနှင့် ဘာသာရေးဆိုင်ရာများသာ ဖော်ပြပါရှိသောမဂ္ဂဇင်းများဖြစ်ကြသည်။ ထို့ကြောင့် ခေတ်ပုံစံဖြင့် ထွက်လာသော မြန်မာ့အလင်းမဂ္ဂဇင်းသည် လူကြိုက်များလာသည်။ ၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ်ကြီးအတွင်း ဦးရွှေကြူးသည် မြန်မာ့အလင်းမဂ္ဂဇင်းအပြင် မြန်မာ့အလင်း စစ်ကြေးနန်း သတင်းအမည်ဖြင့် ရက်ခြားသတင်းလွှာတစ်စောင် ထုတ်ဝေ

mgyoe.com

mgyoe.com

ပြန်သည်။

ထို့နောက် ၁၉၁၅ ခုနှစ်မှစ၍ မြန်မာ့အလင်း စစ်ကြေးနန်းသတင်းကို မြန်မာ့အလင်းသတင်းစာအမည်ဖြင့် ပြောင်းထုတ်ဝေသည်။ ဦးရွှေကြူးသည် မြန်မာ့အလင်းမဂ္ဂဇင်းနှင့် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသူ ဖြစ်ရုံမျှသာမကဘဲ 'ဒေါင်းတံဆိပ် မြန်မာဖတ်စာသစ်' နှင့် 'ခြသေ့်တံဆိပ် မြန်မာဖတ်စာ' တို့ကိုလည်း ဆရာလင်းနှင့်တွဲဖက်၍ ထုတ်ဝေသူဖြစ်သည်။

ဦးရွှေကြူးနှင့် အဆက်အသွယ်ရပြီး ၁၉၁၁ ခုနှစ်တွင် ဆရာဦးမောင်ကြီး ရန်ကုန်ရောက်လာသည်။

လယ်တီဦးဝါယမသည် ၁၉၁၀ ခုနှစ်တွင် လူထွက်ပြီး ဆရာမြို့ အမည်ဖြင့် ဦးရွှေကြူးနှင့်တွဲဖက်၍ ၃၂ လမ်းတွင် ပိဋကတ်မြန်မာပြန်လုပ်ငန်းကို စတင်ပြုလုပ်ဆောင်ရွက်နေသည်။

ယင်းလုပ်ငန်း၏ ဒါရိုက်တာမှာ ဦးရွှေကြူးဖြစ်သည်။

ဆရာဦးမောင်ကြီး ရန်ကုန်ရောက်လာသောအခါ ဆရာမြို့နှင့် ဦးရွှေကြူးတို့၏ ပိဋကတ် မြန်မာပြန်လုပ်ငန်းတွင် တစ်တပ်တစ်အားအဖြစ် ကူညီလုပ်ကိုင်ပေးသည်။ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်ကျမ်းများကို ဆရာဦးမောင်ကြီး ဒိုင်ခံပြန်ပေးသည်ဟု သိရသည်။

ထို့နောက် ၁၉၁၂ ခုနှစ်တွင် စတင်ထုတ်ဝေသော မြန်မာ့အလင်း မဂ္ဂဇင်းတွင် ဆရာဦးမောင်ကြီး အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ထိုအချိန်မှစ၍ ဆရာဦးမောင်ကြီး၏ ကလောင်အတွက် ကျယ်ပြန့်သော နယ်ပယ်ကို ရရှိသွားလေသည်။ တရားကျမ်းစာများသာမက ရသစာပေ ကဗျာဝတ္ထုများကို ဆက်တိုက် စတင်ရေးသားခွင့်ရရှိလာခြင်းမှာ ထိုအချိန်ကပင်ဖြစ်သည်။

မြန်မာ့အလင်းမဂ္ဂဇင်းတွင် ဆရာဦးမောင်ကြီး အယ်ဒီတာအဖြစ် ဆောင်ရွက်စဉ်က မဂ္ဂဇင်းတိုက်၏ ပုံနှိပ်ဘက်ဆိုင်ရာတာဝန်ခံမှာ နောင်သောအခါ သုခမ္မဝတီ ဦး[illegible]မောင်ဟု ထင်ရှားလာသည့် ဦးပန်းမောင်ဖြစ်သည်။

ဆရာဦးမောင်ကြီးသည် မြန်မာ့အလင်းမဂ္ဂဇင်းတစ်စောင်လုံးလိုလိုကို ဒိုင်ခံရေးသည်။ သို့သော်လည်း မဂ္ဂဇင်းတိုက်သို့ မသွားဘဲ အိမ်က ရေးပေးသည်။ တစ်လ ၁၀၀ ရရှိသည်ဟု သိရသည်။ ခေါင်းကြီးပိုင်း၊ နီတိခန်း၊

mgyoe.com

mgyoe.com
ဝတ္ထု အားလုံးလိုလိုကိုပင် တစ်ဦးတည်း တာဝန်ယူရေးသည်။

မြန်မာ့အလင်းမဂ္ဂဇင်း ပထမစာမျက်နှာ၌ ဆာမောင်ခင်၊ ဦးမေအောင်၊ ဦးဖေမောင်တင် စသော နိုင်ငံရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ စာပေနယ်ပယ်မှ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ကြီးများ၏ ဓာတ်ပုံများကို တစ်လ တစ်ပုံကျစီ ပုံနှိပ်ဖော်ပြလေ့ရှိသည်။

ဆရာဦးမောင်ကြီး၏ နာမည်ကျော် ခင်မြင့်ကြီးဝတ္ထုမှာ ထိုအချိန်က ရေးသောဝတ္ထုဖြစ်သည်။ အတွဲ (၅) တွဲရှိသည်။ ဝတ္ထုရေးစဉ်က ဝတ္ထု၏ အမည်မှာ ခင်မြင့်ကြီးမဟုတ်ဘဲ မောင်ဖေသိန်းဝတ္ထုဖြစ်သည်။ နောက်ကျမှ ရေးရင်းရေးရင်းနှင့် မောင်ဖေသိန်းမှာ ဝတ္ထု၏ ဇာတ်ဆောင်မဟုတ်ဘဲ ဇာတ်ကြောင်းပြောသူဖြစ်နေ၍ ဇာတ်ဆောင်တစ်ဦးဖြစ်သော ခင်မြင့်ကြီး အမည်ကိုယူလျက် ခင်မြင့်ကြီးဝတ္ထုဟု အမည်မှည့်လိုက်ခြင်းဖြစ်သည်။

ဆရာဦးမောင်ကြီးသည် ခင်မြင့်ကြီးဝတ္ထုကို သူကိုယ်တိုင် ရေးသားခြင်းဖြစ်သော်လည်း စာခံ့ပေခံ့များကိုသာ ရေးသားလာခဲ့သည်ဖြစ်၍ ဝတ္ထုရေးသူအဖြစ် မိမိအမည်ကို တပ်လိုစိတ်ရှိဟန်မတူပေ။

ထိုအချိန်အတောအတွင်း မန္တလေးရှမ်းပွဲရပ်မှ ဦးပဉ္စင်းလူထွက်မောင်လွန်းအမည်ရှိ လူငယ်တစ်ယောက်သည် ရန်ကုန်ဆင်းလာပြီး အလုပ်ရှာရင်း မြန်မာ့အလင်းမဂ္ဂဇင်းတိုက် ရောက်လာသည်။ ပုံနှိပ်ဘက်ဆိုင်ရာ တာဝန်ခံ ဦးပန်းမောင်က မောင်လွန်းအား မြန်မာ့အလင်းမဂ္ဂဇင်းတိုက်တွင် စာပြင်ဆရာအဖြစ် ခန့်လိုက်သည်။ သို့သော်လည်း ဦးပန်းမောင်သည် မောင်လွန်းဟူသော အမည်ကို သဘောမကျပေ။ ထို့ကြောင့် မောင်လွန်းကို မောင်ခင်မောင်အမည်ပြင်ပေးလိုက်ပြီးလျှင် မြန်မာ့အလင်းမဂ္ဂဇင်းတိုက် စာရင်းထဲတွင် မောင်ခင်မောင်ဟူ၍ မှတ်ပုံတင်ထားလိုက်လေသည်။

မောင်ခင်မောင်သည် စာရေးဝါသနာပါသည်။ ကဗျာလင်္ကာဖွဲ့နွဲ့တတ်သည်။ ဆရာဦးမောင်ကြီးတည်းဟူသော အမိုးသဟဲကောင်းရရှိလာသောအခါ သူ၏ကဗျာအရည်အသွေး စာအရည်အသွေး တိုးတက်စည်ပင်လာသည်။ ဆရာဦးမောင်ကြီးကလည်း မောင်ခင်မောင်ကို သွန်သင်ညွှန်ပြသည်။ မိမိ၏ သွန်သင်ညွှန်ပြမှုအောက်တွင် အရည်အသွေးတောက်ပြောင်လာသော မိမိတပည့်ကို တွေ့မြင်ရသောအခါ ဆရာဦးမောင်ကြီးသည် သူ၏

mgyoe.com

mgyoe.com
ခင်မြင့်ကြီးဝတ္ထု ရေးသူအမည်ကို မိမိအမည်မတပ်ဘဲ မန္တလေးမောင်ခင်မောင် ဟူ၍တပ်လိုက်သည်။

ထိုစဉ်က မောင်ခင်မောင်အမည်မှာ ဆရာဦးမောင်ကြီး၏ ကလောင် အမည်မဟုတ်ပေ။ ယင်းသို့ မိမိရေးသော ဝတ္ထု၏စာရေးဆရာအမည်ကို မိမိအမည်မတပ်ဘဲ တခြားပုဂ္ဂိုလ်တစ်ဦး၏ အမည်တပ်ခြင်းမှာ စာပေ သမိုင်း၌ အချိန်ကြာလာသောအခါ အငြင်းပွားစရာ ဖြစ်လာနိုင်သည်။ သို့သော်လည်း ခင်မြင့်ကြီးဝတ္ထုမှာ ဆရာဦးမောင်ကြီး၏ လက်ရာဖြစ် ကြောင်း သိနေကြသည်ဖြစ်၍ မန္တလေးမောင်ခင်မောင်အား ဆရာဦးမောင် ကြီး၏ ကလောင်အမည်အဖြစ်ဖြင့်သာလျှင် ထင်မှတ်ယူဆကြသည်။

သို့ရာတွင် မောင်ခင်မောင်၏ အသိုက်အဝန်း၌မူ မောင်ခင်မောင်ဂုဏ် တက်သွားလေသည်။ မောင်ခင်မောင်သည် ခင်မြင့်ကြီးဝတ္ထုစာရေးဆရာ မောင်ခင်မောင် ဖြစ်သွား၍လားမသိ၊ သူဌေးသမီးတစ်ဦးနှင့်စွံသွားသည်။ မန္တလေးရှမ်းပွဲရပ် လက်ဖက်ခြောက်ကုန်သည်သူဌေးသမီးတစ်ယောက်နှင့် လက်ထပ်လိုက်သည်။ သို့သော်လည်း မောင်ခင်မောင်၏ကံကြမ္မာမှာ ဇာတ် သိမ်းမကောင်းရှာပေ။ ပထမကမ္ဘာစစ်အတွင်း မန္တလေးမှ ကျောက်မဲသို့ လက်ဖက်ခြောက်ကုန်ကူးရင်း ငှက်ဖျားမိလာ၍ ငှက်ဖျားရောဂါနှင့် ကွယ် လွန်သွားရှာသည်။

ဆရာဦးမောင်ကြီးသည် မြန်မာ့အလင်းမဂ္ဂဇင်းတွင် ခင်မြင့်ကြီးဝတ္ထု မရေးခင် မောင်သောကဝတ္ထု၊ သကုဏ္ဍလ ဝတ္ထုတို့ကို ရေးသည်။ မောင် သောကဝတ္ထုသည် ဆရာဦးမောင်ကြီး၏ ပထမဆုံးဝတ္ထု ဖြစ်သည်ဟုဆို သည်။ မဟာဘာရတ မဟာကဗျာကျမ်းကြီး၌ သကုန္တလာဇာတ်လမ်းပါ သည်။ ယင်းဇာတ်လမ်းကိုယူ၍ စာဆိုတော်ကြီး ကာလိဒါသ က 'သကုန္တ လာ' အမည်ဖြင့် ပြဇာတ်ရေးသည်။ သက္ကတဘာသာဖြင့်ရှိသော ယင်း ပြဇာတ်မှာ ကမ္ဘာကျော်ပြဇာတ်ဖြစ်သည်။ ဆရာဦးမောင်ကြီးသည် သက္က တဘာသာ တတ်ကျွမ်းသူဖြစ်၍ ကာလိဒါသ၏ 'သကုန္တလာ' ပြဇာတ်ကို မှီးပြီးလျှင် 'သကုဏ္ဍလ' ဝတ္ထုကို ရေးသားသည်။

ယခင်က မြန်မာစာပေလောက၌ 'ကြမ္မာဒိုက်မင်းကြီးဝတ္ထု' ကဲ့သို့သော သက္ကတဘာသာ ညြဇာလွှမ်းမိုးသော ဝတ္ထုများ မထင်မရှား ရှိခဲ့ဖူးသည်
mgyoe.com

mgyoe.com

မှာ မှန်သည်။ သို့သော်လည်း သက္ကတဘာသာဝတ္ထု သို့မဟုတ် ပြဇာတ်ကို ထင်ထင်ရှားရှားမှီး၍ သို့မဟုတ် ဘာသာပြန်၍ ရေးသောဝတ္ထုများအနက် ဆရာဦးမောင်ကြီး၏ 'သကုန္တလာ' ဝတ္ထုသည် အဦးဆုံးဝတ္ထုဖြစ်သည်။

ဆရာဦးမောင်ကြီးသည် မြန်မာ့အလင်းမဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ်ဆောင်ရွက်နေစဉ်အတွင်း မြန်မာ့အလင်းမဂ္ဂဇင်း၌ ရှိတ်စပီးယားဝတ္ထုများ၏ ဇာတ်လမ်းဇာတ်ကွက်ကို မှီငြမ်းပြုထားသော ဝတ္ထုများကိုလည်း ရေးသည်။

ဤတွင် ပြဿနာဖြစ်လာသည်။ ဆရာဦးမောင်ကြီးသည် ကာလီဒါသ၏ သက္ကတဘာသာ သကုန္တလာပြဇာတ်ကို မှီငြမ်းပြုလျက် 'သကုန္တလာ' ဝတ္ထုရေးခြင်းမှာ လယ်တီပဏ္ဍိတဘဝက မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး ထံ၌ သက္ကတဘာသာ သင်ကြားတတ်မြောက်ထားသည်ဖြစ်၍ အံ့ဩဖွယ် ရာမဟုတ်သော်လည်း ရှိတ်စပီးယားဝတ္ထုများကို မှီငြမ်းပြုလျက် ဝတ္ထုရေးခြင်းမှာ ဆရာဦးမောင်ကြီးကိုယ်တိုင် အင်္ဂလိပ်စာကို ဖတ်၍ ရေးသားခြင်းဖြစ်သလော။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၏ ပညာသင်ကြားလေ့လာမှုသမိုင်း၌ အင်္ဂလိပ်စာ သင်ကြားလေ့လာခဲ့သည့်အခန်းကဏ္ဍမရှိပေ။ ယင်းသို့ဖြစ်လျှင် မည်သို့မည်ပုံ ရှိတ်စပီးယားဝတ္ထုများကို မြန်မာမှုပြုသနည်း။ သို့လောသို့လော တွေးတောစရာ ဖြစ်လာသည်။

အမှန်က ဆရာဦးမောင်ကြီး ရှိတ်စပီးယားဝတ္ထုများကို မြန်မာမှုပြုခြင်းသည် အင်္ဂလိပ်စာတတ်၍ မဟုတ်ပေ။ ဦးရွှေကြူးဖတ်ပြသော ရှိတ်စပီးယားဝတ္ထုများ၊ ပြဇာတ်များကို ဆရာဦးမောင်ကြီးက မှတ်သားထားပြီးယင်းဇာတ်လမ်းဇာတ်ကွက်အတိုင်း မြန်မာဝတ္ထု ရေးခြင်းဖြစ်သည်။ အမှန်မှာ ယင်းရေးပုံရေးနည်းကိုလည်း ဘာသာပြန်ဆိုသည်။ မှီးသည်ဟုပင် ဆိုနိုင်သည်။ မူရင်းဘာသာ မတတ်သူများ ကြားဘာသာတစ်ခုခုမှတစ်ဆင့် ဘာသာပြန်ဆိုကြသည်နှင့် ဘာမျှမခြားပေ။

ကျွန်တော် ဘင်္ဂါလီမတတ်ပေ။ သို့သော်လည်း မူရင်းဘင်္ဂါလီဘာသာဖြင့် ရှိနေသော တဂိုး၏ဝတ္ထုများကို အင်္ဂလိပ်ဘာသာပြန်၊ ဟိန္ဒီဘာသာ

mgyoe.com

mgyoe.com

ပြန်များမှတစ်ဆင့် မြန်မာဘာသာပြန်သည်။ ကျွန်တော် ဂျာမန်ဘာသာ မတတ်ပေ။ သို့သော်လည်း မူရင်း ဂျာမန်ဘာသာဖြင့် ရှိနေသော ဟာမန်ဟက်စ်၏ သိဒ္ဓတ္ထကို အင်္ဂလိပ်ဘာသာမှတစ်ဆင့် မြန်မာဘာသာပြန်သည်။ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး ရိုက်စပီးယားဝတ္ထုများ၊ ပြဇာတ်များကို မြန်မာလိုမှီးခြင်း၊ ဘာသာပြန်ခြင်းမှာလည်း ထိုသဘောပင်ဖြစ်သည်။ ဦးရွှေကြူးဖတ်ပြခြင်း ပြောပြခြင်းမှာ ကြားဘာသာတစ်ရပ်သာလျှင်ဖြစ်သည်။

မြန်မာ့အလင်းသတင်းစာနှင့် မြန်မာ့အလင်းမဂ္ဂဇင်းတို့ တစ်စခန်းရပ်ချိန်ရောက်လာပြီ။ မြန်မာ့အလင်းမဂ္ဂဇင်းနှင့် မြန်မာ့အလင်းသတင်းစာ တစ်စခန်းရပ်သည်နှင့် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၏ စာပေဘဝလည်း တစ်ကဏ္ဍ ရပ်သွားသည်။

မြန်မာ့အလင်း ရက်ခြားသတင်းစာ ထုတ်ဝေပြီးနောက် တစ်နှစ်မျှသာ အချိန်ကြာလိုက်သည်။ 'မတ်လ ၁၅ ရက်နေ့ကို သတိပြုပါ' ဟူသော ကြော်ငြာအတွက် ကိုလိုနီအစိုးရက အာမခံငွေ ၅၀၀၀ တောင်းသည်။ ကြော်ငြာရှင်မှာ ပီမိုးနင်းဖြစ်၍ ကြော်ငြာရှင်ကိုယ်တိုင်က မိမိစာအုပ်တစ်အုပ် ထုတ်ဝေမည့်အကြောင်း ကြော်ငြာခြင်းဖြစ်ပါသည်ဟု ရှင်းလင်းပြောပြပါသော်လည်း အစိုးရက အာမခံငွေတောင်းသည့်အမိန့်ကို ပြန်မရုပ်သိမ်းပေ။

ထို့ကြောင့် ဦးရွှေကြူးသည် ရွှေကြူးကုမ္ပဏီကို ပိတ်ပြီး ဂျပန်နိုင်ငံသို့ ထွက်ခွာသွားလေသည်။ မြန်မာ့အလင်းမဂ္ဂဇင်း ရပ်သွားသည်ဖြစ်၍ မြန်မာ့အလင်းမဂ္ဂဇင်း၌ အခြေချနေသော ဆရာဦးမောင်ကြီးအမှူးပြုသည့် စာပေအဆောက်အအုံကြီးလည်း ပြိုပျက်သွားလေသည်။

*

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် မြန်မာ့အလင်းစာပေ အသိုက်အမြုံကြီး ပျက်စီးသွားသောအခါ အခြားစာပေအသိုက်အမြုံကြီးတစ်ခုသို့ ကူးပြောင်းသွားလေသည်။

ပညာ့အလင်းဦးတင်သည် မဆွကပင် ဆရာဦးမောင်ကြီးကို မျက်စိကျနေသူဖြစ်သည်။ ဆရာဦးမောင်ကြီး၏ စာပေအရေးအသားများကို နှစ်ခြိုက်သဘောကျသည့်အပြင် လူပုဂ္ဂိုလ်အနေဖြင့်လည်း ဆရာဦးမောင်ကြီး

mgyoe.com

mgyoe.com

အား လေးစားကြည်ညိုသည်။ ထို့ကြောင့် ဆရာဦးမောင်ကြီး မြန်မာ့အလင်းမဂ္ဂဇင်းတွင် အယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်နေစဉ်က ဆရာဦးမောင်ကြီးအား သူ့အိမ်ဖိတ်ပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံလေ့ရှိသည်။

ထိုအတောအတွင်း မြန်မာ့အလင်းမဂ္ဂဇင်းရပ်သွားသည်။ အကွက်ချောင်းနေသော ဦးတင်သည် အကွက်ပေါ်လာသည်ဖြစ်၍ ပညာ့အလင်းမဂ္ဂဇင်းအတွက် ဆရာဦးမောင်ကြီးအား ခေါ်ယူသည်။

ဆရာဦးမောင်ကြီးသည် စာပေအသိုက်အမြုံသစ်သို့ ရောက်ရှိလာသည်။ စာပေအသိုက်အမြုံသစ်ဖြစ်သော ပညာ့အလင်းမဂ္ဂဇင်းတွင်လည်း စာပေအသိုက်အမြုံဟောင်းဖြစ်သော မြန်မာ့အလင်းမဂ္ဂဇင်းမှာကဲ့သို့ပင် ခေါင်းကြီးပိုင်းမှစ၍ အခန်းပေါင်းများစွာကို တစ်ဦးတည်းလိုလိုပင် ဒိုင်ခံရေးသည်။ မန္တလေးမောင်ခင်မောင်အမည်ဖြင့် အတွဲ-၄ တွဲရှိသော 'သန်းသန်း ဝတ္ထု' ကိုလည်း ရေးသေးသည်။

ဆရာဦးမောင်ကြီးသည် ထိုအချိန်က ပညာအလင်းမဂ္ဂဇင်းတွင် ဗညားနွဲ့စသော ရာဇဝင်အခန်းဆက်ဝတ္ထုရှည်များကိုသာမက ဝတ္ထုတိုများကိုလည်းရေးသည်။ ထိုအချိန်က ဆရာ ဦးမောင်ကြီးရေးသော ဝတ္ထုတိုများအနက် 'အလင်းနှင့်အမှောင်' အမည်ရှိ ဝတ္ထုတိုကို လန်ဒန်အတ် ဦးအုန်းမောင်ခေတ်က 'စိတ်အာရုံ' အမည်ဖြင့် ရုပ်ရှင်ရိုက်ဖူးသည်။ ထိုရုပ်ရှင်ကား၏ ဒါရိုက်တာမှာ ဦးတုတ်ကြီးဖြစ်သည်။ ဦးတုတ်ကြီးသည် ပညာ့အလင်းမဂ္ဂဇင်းတိုက်၌ မန်နေဂျာအဖြစ် အမှုထမ်းခဲ့ဖူးသူဖြစ်သည်။ ပညာ့အလင်းမဂ္ဂဇင်းတွင် ဆရာဦးမောင်ကြီးရေးသောဝတ္ထုများအကြောင်းကို ကောင်းကောင်းသိရှိနေသူဖြစ်သည်။

ပညာ့အလင်းမဂ္ဂဇင်းတွင် ဆရာဦးမောင်ကြီး အယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်ဆောင်ရွက်နေစဉ် ကာလအတွင်း မြန်မာ့အလင်းမဂ္ဂဇင်းတုန်းက မန္တလေးမှ မောင်လွန်းခေါ် မောင်ခင်မောင်ရောက်လာသကဲ့သို့ ဒုတိယမောင်ခင်မောင်တစ်ယောက် ရောက်လာပြန်သည်။

တစ်နေ့သောအခါ၌ မန္တလေးမှ အသက် ၂၀ ကျော်ခန့် ပဋ္ဋင်းလူထွက်နှစ်ယောက်သည် သူတို့ဆရာဘုန်းတော်ကြီးတစ်ပါး၏ ထောက်ခံစာ ယူလာပြီးလျှင် အလုပ်ရလိုရငြား ပညာ့အလင်းမဂ္ဂဇင်းတိုက် ဆရာ

mgyoe.com

mgyoe.com
ဦးမောင်ကြီးထံသို့ ရောက်ရှိလာကြသည်။

တစ်ဦး၏အမည်မှာ ရွှေဘိုစာတုရခေါ်ပြီး ကျန်တစ်ဦး၏အမည်မှာ တောင်ငူပဏ္ဍိတခေါ်သည်။ လက်စလက်နရှိသူများဖြစ်၍ နှစ်ဦးစလုံးကို ပင် ပညာ့အလင်းမဂ္ဂဇင်းတွင် လက်ခံထားလိုက်လေသည်။

ဆရာဦးမောင်ကြီးသည် သူလက်သပ်မွေးထားသော သူ့ 'မန္တလေး မောင်ခင်မောင်' အဖြစ် ဖန်တီးထားသော မောင်လွန့်ခေါ် မောင်ခင်မောင် လက်လွတ်ဆုံးရှုံးသွားသည်ဖြစ်၍ ပထမ မန္တလေး မောင်ခင်မောင်၏ နေရာ တွင် မန္တလေးမောင်ခင်မောင်အသစ်တစ်ယောက် အစားထိုးမွေးလိုသည့် အကြံဖြစ်ပေါ်နေသည်။

ထိုအချိန်တွင် ရွှေဘိုစာတုရနှင့် တောင်ငူပဏ္ဍိတတို့ ရောက်လာကြ ခြင်းဖြစ်သည်။

ယင်းတို့နှစ်ဦးအနက် ရွှေဘိုစာတုရသည် ကဗျာလင်္ကာအဖွဲ့အနွဲ့တော် သည်။ ဆရာဦးမောင်ကြီး စိတ်ကြိုက်ရေးသားဖွဲ့ဆိုနိုင်သည်။ ထို့ကြောင့် ဆရာဦးမောင်ကြီးသည် သူ၏ကလောင်အမည် မန္တလေးမောင်ခင်မောင် ကို ရွှေဘိုစာတုရအား အပ်နှင်းလိုက်ပြန်သည်။ ရွှေဘိုစာတုရအား အမည် ရင်းရှိသော်လည်း မောင်ခင်မောင်ဟူ၍သာလျှင် ခေါ်လေသည်။ သို့သော် လည်း ဝန်နှင့်အား၊ မြားနှင့်လေး အံဝင်ခွင်ကျမဖြစ်သောကြောင့်လား၊ သို့မဟုတ် အမည်က ပိနေသောကြောင့်လား၊ သို့မဟုတ် မမြဲသော သင်္ခါရ တရားသဘောကြောင့်လား မည်ကဲ့သို့သော အကြောင်းကြောင့်မှန်းမသိ။ ရွှေဘိုစာတုရခေါ် ဒုတိယမန္တလေးမောင်ခင်မောင်လည်း မောင်လွန့်ခေါ် ပထမမောင်ခင်မောင်နောက်လိုက်သွားလေသည်။

ထိုအချိန်မှအစပြု၍ ဦးမောင်ကြီးသည် မန္တလေးမောင်ခင်မောင်အသစ် ထပ်မရှာတော့ဘဲ မန္တလေးမောင်ခင်မောင်ဟူသောအမည်ကို မိမိကိုယ်ပိုင် ကလောင်အမည်အဖြစ်သာလျှင် အသုံးပြုလာခဲ့လေသည်။

မန္တလေးမှ ရောက်ရှိလာသော ပဥ္စင်းလူထွက်နှစ်ယောက်အနက် တောင် ငူပဏ္ဍိတလည်း စာအရေးအသား လက်စလက်နရှိသူ တစ်ဦးဖြစ်သည်။ သူ၏အမည်မှာ မောင်ပုဖြစ်သည်။ ပညာ့အလင်းမဂ္ဂဇင်းတိုက်တွင် မောင် ပုကြီး (ရုပ်ရှင်) ရှိနေသည်ဖြစ်၍ တောင်ငူပဏ္ဍိတခေါ် မောင်ပုအား
mgyoe.com

mgyoe.com


မောင်ပုကလေးဟု ခေါ်ကြလေသည်။ တောင်ငူပဏ္ဍိတခေါ် မောင်ပုကလေးသည် နောင်သောအခါ၌ နာမည်ကျော် သတင်းစာဆရာဦးပုကလေး ဖြစ်လာလေသည်။ 'ငါတို့ဗိုလ်ချုပ် ဘာလုပ်ခဲ့သလဲ' အမည်ရှိ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်ရေးသော သတင်းစာ ဆရာ ဦးပုကလေးမှာ ယင်း ဦးပုကလေးပင် ဖြစ်လေသည်။

ဆရာဦးမောင်ကြီး၏ စာပေကဏ္ဍာ တစ်ခန်းရပ်ချိန် ရောက်လာပြန်သည်။

မြန်မာနိုင်ငံ သတင်းစာလောက၌ စောစောပိုင်းက ထွက်ပေါ်နေကြသော သတင်းစာများအနက် ပြည်သူလူထုအပေါ် ဩဇာညောင်းသော သူရိယ၊ ပညာ့အလင်း၊ မြန်မာ့အလင်းတို့သည် ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာကြသော ခေတ်ပြိုင်သတင်းစာများ ဖြစ်ကြသည်။ ၁၉၁၁ ခုနှစ်တွင် ဦးဘဖေနှင့် ဦးလှဖေတို့သည် သူရိယသတင်းစာကို စတင်ထုတ်ဝေကြသည်။ ၁၉၁၄ ခုနှစ်ပထမကမ္ဘာစစ်ကြီးဖြစ်သောအခါ သတင်းစာကို နံနက်ပိုင်း၌သာမက ညနေပိုင်း အထူးကြေးနန်းသတင်းများကို ထုတ်ဝေသောကြောင့် လည်းကောင်း၊ ဝိုင်အမ်ဘီအေနှင့် အခြားအသင်းများက ဝိုင်းဝန်းအားပေးသောကြောင့်လည်းကောင်း၊ ဦးဘဖေနှင့် ဦးလှဖေတို့၏ ကြိုးပမ်းချက်များကြောင့် လည်းကောင်း သူရိယသတင်းစာသည် ထင်ပေါ်ကျော်ကြားလာသည်။ ၁၉၁၈ ခုနှစ်တွင် ဦးတင်သည် ပညာ့အလင်း သတင်းစာကို ထုတ်ဝေသည်။ လှိုင်၊ ပု၊ ကျော်နှင့် ၂၁ ဦးတို့ ကွဲကြသောအခါ ပညာ့အလင်းသတင်းစာသည် လှိုင်၊ ပု၊ ကျော် ဂိုဏ်းဘက်မှ အပြင်းအထန်အတိုက်အခံရေးသားသည်။ ၁၉၁၉ ခုနှစ် ရောက်သောအခါ မြန်မာ့အလင်းသတင်းစာပေါ်လာပြန်လေသည်။ သတင်းစာကြီးသုံးစောင်မှာ အပြိုင်အဆိုင်ဖြစ်နေကြသည်ဖြစ်၍ တစ်ဦးနှင့်တစ်ဦး အစေးမကပ်ကြပေ။ တစ်ဦးက တစ်ဦးကို ခနဲ့သည်။ တစ်ဦးက တစ်ဦးကို ရွဲ့သည်။ ပညာ့အလင်းသတင်းစာက သူရိယသတင်းစာကို ပုတ်ခတ်သည်။ ပညာ့အလင်းနှင့် မြန်မာ့အလင်းတို့သည် တစ်ဦးနှင့်တစ်ဦး အဆင်မပြေပေ။

ယင်းသို့သတင်းစာအချင်းချင်း တစ်ဦးနှင့်တစ်ဦး အစေးမကပ်ခြင်းသည် အကြမ်းဖက်သည့် အဆင့်သို့ပင် ရောက်ရှိလာပြီး မြန်မာ့အလင်း

mgyoe.com

mgyoe.com

အယ်ဒီတာ ဆရာသင် လုပ်ကြံသတ်ဖြတ်မှုကြီး ပေါ်လာသည်အထိ ဖြစ်လာလေသည်။

ဆရာသင်ကို လူသတ်သမားလူဆိုးငမိုးက သတ်သည်။ လူဆိုးငမိုးကို ပညာ့အလင်းဦးတင်က အသတ်ခိုင်းသည်ဟူသော စွဲချက်ဖြင့် ဦးတင်အား ဖမ်းပြီး တရားစွဲသည်။

ဤတွင် ပညာ့အလင်းမဂ္ဂဇင်းအယ်ဒီတာချုပ် ဆရာဦးမောင်ကြီးပင် ကံမကောင်း အကြောင်းမသင့်သဖြင့် ထိုလူသတ်မှုတွင် အဆစ်ပါလာလေသည်။ ထိုအခါ ဆရာဦးမောင်ကြီးသည် ပညာ့အလင်း မဂ္ဂဇင်း ရပ်ဆိုင်းသွားသောကြောင့် လည်းကောင်း၊ ရန်ကုန်တွင် စိတ်ညစ်စရာများနှင့် ကြုံတွေ့ရသောကြောင့်လည်းကောင်း မုံရွာ ပြန်သွားလေသည်။ ဆရာဦးမောင်ကြီးသည် မုံရွာ၌ နှစ်ကြာကြာ မနေလိုက်ရပေ။ စာပေစင်မြင့်တွင် တစ်ဖန်ပေါ်လာပြန်သည်။ ယခုတစ်ကြိမ် ဆရာဦးမောင်ကြီး ပြန်ပေါ်လာသော စင်မြင့်မှာ ဒဂုန်မဂ္ဂဇင်းဖြစ်သည်။

*

၁၉၂၃ ခုနှစ်၌ ဒဂုန်မဂ္ဂဇင်းက ခေါ်ယူသဖြင့် ဆရာဦးမောင်ကြီးသည် မုံရွာမှ ရန်ကုန်သို့ ပြောင်းရွှေ့လာပြီးလျှင် ဒဂုန်မဂ္ဂဇင်းကြီး၏ အယ်ဒီတာ ချုပ်အဖြစ် ဆောင်ရွက်လေသည်။ အယ်ဒီတာချုပ်ဆိုသော်လည်း ယခင်မဂ္ဂဇင်းများမှာကဲ့သို့ပင် တိုက်သို့မလာဘဲ အိမ်မှသာလျှင်စာများရေးပေးသည်။ ထိုအချိန်က ဒဂုန်မဂ္ဂဇင်းတိုက်ထိုင် အယ်ဒီတာမှာ ဒဂုန်ဦးလှဖေ ဖြစ်သည်။ ဒဂုန်မဂ္ဂဇင်း ရောက်လာသောအခါ ဆရာဦးမောင်ကြီး၏ စာပေနယ်သည် ပိုမိုကျယ်ပြန့်သွားလေသည်။ ဆရာဦးမောင်ကြီးသည် ဒဂုန်မဂ္ဂဇင်းတွင် ခေါင်းကြီးပိုင်း၊ အခန်းဆက်ရာဇဝင်ဝတ္ထုရှည်၊ နီတိမာလာ၊ ယုဝတီစက္ခုစသော အခန်းပေါင်းများစွာကို တာဝန်ယူရေးသားသည်။

ထိုအချိန်က ဒဂုန်မဂ္ဂဇင်းဝတ္ထုကဏ္ဍကို ဆရာဦးမောင်ကြီး၏ ရှေးဟောင်း ရာဇဝင်သမိုင်းဝတ္ထုများဖြင့်လည်းကောင်း၊ ဒဂုန်ခင်ခင်လေးနှင့် ဒဂုန်ခင်လေးဆွေတို့၏ ကာလပေါ်ဝတ္ထုများဖြင့်လည်းကောင်း ထိန်းထားသည်။

ထိုအချိန်က ဒဂုန်မဂ္ဂဇင်းတွင် ပါသော ယုဝတီစက္ခုကဏ္ဍကိုလည်း

mgyoe.com


ရဟန်းရှင်လူများ နှစ်နှစ်ခြိုက်ခြိုက် ဖတ်ကြသည်။ ယုဝတီစက္ခုကဏ္ဍ ကို မန္တလေးခင်တုတ် (ဆရာဦးမောင်ကြီး)၊ သလ္လာဝတီတင်အုံ (လယ်တီဦးကောဝိဒ)၊ သီရိပစ္စယာစောအုံ (ဒဂုန်ဦးစန်းငွေဖြစ်လာမည့် အရှင်ဇာနေယျ)၊ ဟသ်ာတခင်ညို (ဒဂုန်ဦးထွန်းမြင့်ဖြစ်လာမည့် အရှင်တေဇောသာရ)၊ မြစ်သားကျော် (မြစ်သားမှ ရှေ့နေတစ်ဦး) စသူတို့ ပါဝင်ရေးသားကြသည်။

တက္ကသိုလ်မှ ကလောင်ရှင်များအတွက်လည်း ဒဂုန်မဂ္ဂဇင်းတွင် တက္ကသိုလ်ကဏ္ဍဖွင့်ထားသည်။

ဒဂုန်မဂ္ဂဇင်းကို အခါအားလျော်စွာ 'အထူးရုပ်စုံ မဟာဒဂုန်' အမည်ဖြင့် အထူးထုတ်ဝေသည်။ အထူးထုတ်ဝေတိုင်း မဂ္ဂဇင်းမျက်နှာဖုံး၌ဖြစ်စေ၊ အတွင်းဖုံးဖြစ်စေ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့ရစဉ်က ရိုက်ကူးထားသော ဘွဲ့ဝတ်ရုံနှင့် ပုံကြီးကို အထူးတလည် ပုံနှိပ်ဖော်ပြထားလေ့ရှိသည်။

ဒဂုန်မဂ္ဂဇင်း၌ ရေးသော ဆရာဦးမောင်ကြီး၏ ခေါင်းကြီးပိုင်းများမှာ အလွန်လေးနက်ခံ့ညားပြီး မှတ်သားယူဖွယ် ကောင်းလှသည်။ အထူးထုတ် ဒဂုန်မဂ္ဂဇင်းများ၌ ဆရာဦးမောင်ကြီးသည် ခေါင်းကြီးပိုင်းကို အထူးအလေးအနက်ထား၍ ရေးသားလေ့ရှိသည်။ ဆရာဦးမောင်ကြီး၏ ဒဂုန်မဂ္ဂဇင်း ခေါင်းကြီးပိုင်းများထဲက လက်ရွေးစင်များကို ကောက်နုတ်စုဆောင်း၍ စာအုပ်တစ်အုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသင့်သည်။

*

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် ဒဂုန်မဂ္ဂဇင်းတွင် အယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်ဆောင်ရွက်နေစဉ်ကာလအတွင်း ၁၉၂၆ ခုနှစ် ဇူလိုင်လမှစတင်၍ အခြားစာစောင်တစ်ခုကိုလည်း ဦးစီးထုတ်ဝေသည်။ ယင်းစာစောင်မှာ 'လယ်တီတရားသတင်းစာ' အမည်ရှိ ဓမ္မစာစောင်ဖြစ်သည်။ လယ်တီတရားသတင်းစာသည် ဓမ္မစာစောင်များအနက် ရှေးကျသော စာစောင်တစ်စောင်ဖြစ်သည်။ စာစောင်ကို ဆူးလေဘုရားလမ်း နံပါတ် ၁၁ မှ ထုတ်ဝေသည်။ စာစောင်၏ အယ်ဒီတာအမည်ကို 'ပါဠိဆရာမောင်ဘိုးခိုင်' ဟု တပ်ထားသော်လည်း စာစောင်နောက်ကျောအောက်ဆုံး

mgyoe.com

mgyoe.com

၌ 'Published and printed by Ledi Pandita Saya U Maung Gyi at Lawkasara printing Works 11 Sule Pagoda, Rangon' ဟူ၍ အင်္ဂလိပ်စာဖြင့် ဖော်ပြထားသည်။ စာစောင်၏ အဖုံးစာမျက်နှာ၌ 'စောင်ရေ (၁၀၀၀၀) တစ်သောင်းကျော် ထုတ်ဝေပါသည်' ဟူ၍ လည်းကောင်း၊ 'စာရေးပညာတွင်အလွန်ထင်ရှားသော ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ ရေးသားသည့် တစ်လတစ်ကြိမ်ထုတ် လယ်တီတရားသတင်းစာ' ဟူ၍လည်းကောင်း ဖော်ပြထားသည်။ စာစောင်၏ တိုက်အုပ်မှာ လယ်တီထွက် 'လယ်တီပဏ္ဍိတ ဆရာ ဦးလှတင်' ဖြစ်သည်။

စာစောင်ပုံစံအနေအထားမှာ ယခုခေတ်ထုတ်ဝေကြသော ဓမ္မစာစောင်များ ပုံစံအတိုင်းဖြစ်သည်။

စာစောင်၏ ရှေ့ပိုင်းစာမျက်နှာများ၌ လယ်တီဆရာတော်၊ မန်လည်ဆရာတော်၊ မဟာဝိသုဒ္ဓါရုံဆရာတော်၊ ကျိုက္ကစံ ဆရာတော်၊ ကြောင်ပန်းဆရာတော်၊ ကျိုက်လတ်ပစ္ဆိမာရုံ ဆရာတော် စသော နာမည်ကျော် ဆရာတော်ကြီးများ၏ ပုံတော်များကို စာမျက်နှာပြည့်ဖော်ပြထားသည့်အပြင် ယင်းဆရာတော်ကြီးများ၏ ဩဝါဒကထာများကိုလည်း တင်ပြထားသည်။

စာစောင်တွင်ပါဝင်ရေးသားကြသူ အများအပြားမှာ ဘုန်းတော်ကြီးများဖြစ်ပြီး ပါဠိဆရာ ဆရာဝ စသော လူပုဂ္ဂိုလ် ပညာရှင်များလည်း ပါဝင်ရေးသားကြသည်။ စာစောင်တွင် ပါဝင်ရေးသားကြသော ရဟန်းပညာရှင်များတွင် ရှင်ဥက္ကဋ္ဌလည်း ပါဝင်သည်။ ရှင်ဥက္ကဋ္ဌသည် လယ်တီတရားသတင်းစာတွင် ဗုဒ္ဓဘာသာသမိုင်းနှင့် မဟာယာနဗုဒ္ဓဘာသာအကြောင်းကို ရေးသားလေ့ရှိသည်။

ယခုခေတ် ဓမ္မစာစောင်များကဲ့သို့ပင် လယ်တီတရားသတင်းစာတွင် မြန်မာနိုင်ငံအနှံ့အပြားမှ စေတီပုထိုးများ၏ အကြောင်းကို ရေးသားဖော်ပြသည်ကိုလည်း တွေ့ရသည်။

'သုန္ဒရနန္ဒ' ခေါ် (ညီတော်မင်းနန်) သက္ကတ ကဗျာ မြန်မာပြန်ကို အခန်းဆက်ဖြင့် စတင်ဖော်ပြသည်မှာ လယ်တီတရားသတင်းစာဖြစ်သည်။ မြန်မာပြန်သူမှာ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရတိုက်၊ မင်္ဂလာစံကျောင်းမှ ဦးအာလောကဖြစ်သည်။

mgyoe.com

mgyoe.com

ညောင်တုန်းမြို့၊ ရွှေဟသ်ာတောရတိုက် ဆရာတော်ကြီးသည် သက္ကတဘာသာ ကျမ်းကျင်တတ်မြောက်သည်။ တပည့်များအား ဆရာတော်ကြီးပို့ချသော သက္ကတကျမ်းစာများအနက် သုန္ဒရနန္ဒကဗျာကို ဦးအာလောကက ရေးယူမှတ်သားထားပြီး လယ်တီတရားသတင်းစာတွင် အခန်းဆက်ထည့်သွင်းခြင်းဖြစ်သည်။ သို့သော်လည်း ဦးအာလောက၏ သုန္ဒရနန္ဒ သက္ကတကဗျာ မြန်မာပြန် နိသယမှာ အစပိုင်းလောက်သာပါရှိပြီး မည်ကဲ့သို့သော အကြောင်းကြောင့် မသိ။ နောက်ပိုင်း ဆက်မပါတော့ပေ။

သုန္ဒရနန္ဒ သက္ကတ ကဗျာကို စတင်မြန်မာပြန်သူ ဦးအာလောကမှာ နောက်ပိုင်း၌ သတ်ပုံကျမ်းပြုဆရာကြီး ဦးအုန်းရွှေဖြစ်လာသည်။ ကျွန်တော် မြန်မာပြန်ပြီး စာပေဗိမာန်ဆုရသော 'ညီတော်မင်းနန်' မှာ ယင်းသက္ကတကဗျာကို မြန်မာပြန်ထားခြင်းဖြစ်သည်။

လယ်တီတရားသတင်းစာ၏ ထူးခြားချက်တစ်ခုမှာ ယခုခေတ် ဓမ္မစာစောင်အတော်များများ၌ပင် ထည့်သွင်းမဖော်ပြသော နိုင်ငံခြားဗုဒ္ဓဘာသာနှင့် သာသနာတော်အကြောင်းများကို ရံဖန်ရံခါ ဖော်ပြနိုင်ခြင်းဖြစ်သည်။

လယ်တီတရားသတင်းစာ၏အဓိက စာရေးဆရာမှာမူ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးဖြစ်သည်။ ဦးမောင်ကြီးသည် လယ်တီတရားသတင်းစာ၌ ခေါင်းကြီးပိုင်းကိုလည်း ရေးသားသည်။ နောင်သောအခါ၌ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေသော ဘဂဝါဂီတိ၊ တိပိဋကနီတိ၊ ဝိမာနဝတ္ထုဘာသာပြန် စသည်တို့လည်း လယ်တီတရားသတင်းစာ၌ ဆရာဦးမောင်ကြီးအခန်းဆက်နှင့် ရေးသားထားသော စာများဖြစ်သည်။

*

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် စာအုပ်ပေါင်း ၄၀၀ ခန့် ရေးသားသွားခဲ့သည်။ သူ့ဆရာ လယ်တီဆရာတော်ကြီးကဲ့သို့ ရေးသားပြုစုသွားသည့် ကျမ်းစာအရေအတွက်လည်း များသည်။ ရေးသည့် ကျမ်းစာများမှာလည်း ရဟန်းရှင်လူပြည်သူများအတွက် တစ်နည်းမဟုတ် တစ်နည်းအကျိုးပြုသော ကျမ်းစာများသာ ဖြစ်ကြသည်။ အချို့စာရေးဆရာ ကျမ်းပြုဆရာများသည် ကျမ်းစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ရေးသားသူများ ဖြစ်သော်လည်း ယင်းတို့၏စာအုပ်များသည် အရေအတွက်အရသာ

mgyoe.com

mgyoe.com

များနေခြင်းဖြစ်သည်။ ဖောင်းပွနေခြင်းဖြစ်သည်။ ဖောင်းပွနေခြင်းသည် အနှစ်သာရ မရှိခြင်း၏ အနက်အဓိပ္ပာယ်ဖြစ်သည်။ ဆရာဦးမောင်ကြီး၏ စာအုပ်များမှာမူ ထိုကဲ့သို့ မဟုတ်ပေ။ ထိုခေတ် ရဟန်းရှင်လူ ပြည်သူ များထဲတွင် ခေတ်စားသောစာအုပ်များဖြစ်ကြသည်။

စာပေလက်ရာများထဲတွင် နေ့မြင်ညပျောက်ဖြစ်သွားသည့် စာအုပ်များ ရှိသလို စာပေသမိုင်းတွင် တွင်ကျန်နေသော အချိန်ကာလဘောင်ခတ် မထားသည့်စာအုပ်များလည်း ရှိသည်။ ယင်းသို့ အဓွန့်ရှည်စွာ တည်တံ့ နေသော စာအုပ်များကို 'ကာလဇယီ' ဟု ခေါ်သည်။ အချိန်ကာလပေါ် တွင် စိုးမိုးအောင်နိုင်မှု ရရှိထားသော စာအုပ်များဟု ဆိုလိုသည်။ ဆရာ ဦးမောင်ကြီး၏ စာအုပ်များထဲတွင် ယခုအချိန်အထိ ခေတ်မတိမ်သေး သော စာအုပ်အများအပြားရှိသည်။

ဝတ္ထုများမှာ များသောအားဖြင့် ခေတ်တစ်ခေတ်၏ ရောင်ပြန်ဖြစ်၍ ထိုခေတ်ကုန်ဆုံးကျော်လွန်သွားသည်နှင့်တစ်ပြိုင်နက် ထိုခေတ်လူမှုအဖွဲ့ အစည်း၏ ရောင်ပြန်ဖြစ်သော ထိုဝတ္ထုလည်း သမိုင်းပြတိုက်ထဲရောက်သွား သည်။ ခေတ်ဟောင်းကို ကိုယ်စားပြုသော ဝတ္ထု၏နေရာ၌ ခေတ်သစ် ကို ကိုယ်စားပြုသည့်ဝတ္ထုရောက်လာသည်။

ကျမ်းစာများကား ထိုကဲ့သို့ မဟုတ်ပေ။ ပြည်သူလူထုအတွက် အကျိုး ရှိမည့် စာအုပ်မျိုးဆိုလျှင် ကာလအပိုင်းအခြားမရှိပေ။ ခေတ်ကာလမရွေး အသုံးဝင်နေပေသည်။

ယင်းကဲ့သို့သော စာအုပ်မျိုး ဆရာဦးမောင်ကြီး၏ စာအုပ်များထဲတွင် အများအပြားရှိသည်။ ဆရာဦးမောင်ကြီး၏ စာအုပ်များသည် ဘာသာ ရပ်လည်း မျိုးစုံသည်။ ဝတ္ထုလည်းရှိသည်။ ဘာသာဗေဒလည်း ရှိသည်။ ဗုဒ္ဓစာပေလည်း ရှိသည်။

ဝတ္ထုများမှာ မှိုင်းဝေဝေ၊ မောင်သောကအိပ်မက်ခန်း၊ သကုဏ္ဍာလ၊ ခင်မြင့်ကြီး (၅–တွဲ)၊ သန်းသန်း (၄–တွဲ)၊ တင်တင်မြ (၃–တွဲ)၊ နတ် ရှင်နောင် (၂–တွဲ)၊ တပင်ရွှေထီး (၄–တွဲ)၊ ရွှေမြည်ကြီး (၂တွဲ) ဗညားနွဲ့ ပန်ထွာမင်းသမီး စသည်တို့ဖြစ်ကြသည်။

သမိုင်းနှင့်ပတ်သက်သောစာအုပ်များမှာ ကုန်းဘောင်ဆက်မဟာရာဇ

mgyoe.com

mgyoe.com
ဝင်ကြီး၊ ရာဇဝင်သံခိပ်စသည်တို့ဖြစ်ကြသည်။ ဘာသာဗေဒနှင့် ပတ်သက်သော စာအုပ်များမှာ ပါဠိအဘိဓာန်ချုပ်၊ ပါဠိစကားသင်၊ ပါဠိစာရေးသင်စသည်တို့ဖြစ်ကြသည်။

ကဗျာများနှင့်ပတ်သက်၍ ကဗျာအဖွဲ့ပေါင်း အမြောက်အမြားရေးသားဖွဲ့ဆိုခဲ့သည့်အပြင် စာအုပ်အဖြစ်ဖြင့် ကဗျာ့မဥ္ဇရီ၊ ရှေးဟောင်း ကဗျာပေါင်းချုပ် စသည်များကိုလည်း ရေးသားထုတ်ဝေခဲ့သည်။

ဗုဒ္ဓစာပေနှင့် ပတ်သက်သော ကျမ်းစာများမှာမူ အရေအတွက်အများဆုံးဖြစ်သည်။

ဆရာဦးမောင်ကြီး၏ ဝတ္ထုများအနက် ခင်မြင့်ကြီး၊ သန်းသန်း၊ တင်တင်မြတို့သည် ကာလပေါ်ဝတ္ထုများဖြစ်ကြသည်။ သူ့ခေတ်သူ့အခါက လူနေမှု စနစ်ထင်ဟပ်နေသော အချစ်ဝတ္ထုများဖြစ်၍ ထိုအချိန်က အထူးခေတ်စားသော ဝတ္ထုများဖြစ်သည်။ ဝတ္ထုထဲတွင် ပါဝင်သော ဇာတ်ဆောင်များသည် ထိုခေတ်က လူလတ်တန်းစားအလွှာနှင့် အထက်တန်းစားအလွှာကို ကိုယ်စားပြုနေကြသူများဖြစ်၍ ဆရာဦးမောင်ကြီး၏ ဝတ္ထုများတွင် ထိုခေတ်လူလတ်တန်းစားအလွှာနှင့် အထက်တန်းအလွှာတို့၏ သရုပ်သကန်သည် ပီပီသသ ပေါ်လွင်နေသည်။ သို့သော်လည်း ဆရာဦးမောင်ကြီး၏ ကာလပေါ်ဝတ္ထုများထဲတွင် ထိုခေတ်အလုပ်သမားနှင့် လယ်သမားတို့၏ ဘဝကိုမူ ရှာကြည့်၍မရပေ။

ဦးမောင်ကြီး၏ ကာလပေါ်ဝတ္ထုများသည် ထိုခေတ်စာဖတ်ပရိသတ်အကြား၌ ကျော်ကြားထင်ရှားမှု ရှိရုံသာမက ကာလပေါ်ဝတ္ထုခေတ်ဦးလောက်က ထွက်ပေါ်လာသည့် ဝတ္ထုများဖြစ်သည့်အပြင် အရည်အသွေးအဆင့်အတန်းမီ ဝတ္ထုများဖြစ်၍ နှောင်းခေတ်ဝတ္ထုရေးဆရာ၊ စာရေးဆရာများအပေါ်တွင်လည်း ဩဇာလွှမ်းမိုးမှု ရှိနေသည်။

သိန်းဖေမြင့်သည် ထိပ်တန်း ခေတ်သစ် ဂတ္ထုရေးဆရာတစ်ဦးဖြစ်သည်။ သိန်းဖေမြင့်အပေါ်၌ပင် ဆရာဦးမောင်ကြီး၏ 'ခင်မြင့်ကြီး' ဝတ္ထုထဲက ဇာတ်ဆောင်များ၏ ဩဇာလွှမ်းမိုးနေသည်။ 'အရှေ့က နေဝန်း' ထဲက ဇာတ်ဆောင်များသည် 'ခင်မြင့်ကြီး' ဝတ္ထုထဲက ဇာတ်ဆောင်များပြောသော စကားမျိုးကို ပြောကြသည်။ သိန်းဖေမြင့်ကိုယ်တိုင်ကပင် သူ၏ 'အရှေ့
mgyoe.com

mgyoe.com
က နေဝန်း' တွင် ဆရာဦးမောင်ကြီး၏ ဩဇာအထိုက်အလျောက်လွှမ်းမိုးမှုရှိသည်ဟု ဝန်ခံစကားပြောဖူးသည်။

သို့ရာတွင် ခေတ်အမြင်၊ လူတန်းစားအမြင်ဖြင့် ကြည့်လျှင်မူ ဆရာဦးမောင်ကြီး၏ ကာလပေါ်ဝတ္ထုများသည် ခေတ်နောက်ကျန်ခဲ့လေပြီ။ ထိုခေတ်ကို ရောင်ပြန်ဟပ်သော ဝတ္ထုများဖြစ်၍ ထိုခေတ်တွင် ကျန်ခဲ့သည်မှာ အဆန်းမဟုတ်ပေ။ သို့သော်လည်း ယင်းသို့ ခေတ်နောက်ကျန်ခဲ့ပြီးဖြစ်သည့်အကြောင်းတစ်ခုတည်းနှင့် ဝတ္ထု၏ စာပေတန်ဖိုး ယုတ်လျော့သွားသည်ဟု မဆိုနိုင်ပေ။

စာပေကို အကဲဖြတ်ရာ၌ သမိုင်းအမြင်ရှိဖို့ အရေးကြီးသည်။ ဝတ္ထုတစ်ပုဒ် သို့မဟုတ် ကဗျာတစ်ပုဒ်ကို သုံးသပ်သည်ဆိုလျှင် အကယ်၍ ထိုဝတ္ထု သို့မဟုတ် ထိုကဗျာသည် လွန်ခဲ့သည့်အတိတ်ခေတ်က ပေါ်ပေါက်လာသည့် ဝတ္ထု သို့မဟုတ် ကဗျာဖြစ်ပါက ထိုခေတ်လူ့အဖွဲ့အစည်း၏ ပရိဝုဏ်ထဲ ဝင်ကြည့်ပြီး သုံးသပ်ရမည်။ သမိုင်းမျက်မှန်မတပ်ဘဲ စာပေကို အကဲဖြတ်လျှင် တိကျမှန်ကန်မှု မရှိနိုင်ပေ။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် သမိုင်းနောက်ခံရာဇဝင်ဝတ္ထုကြီးများကိုလည်း ရေးသားခဲ့သည်။ ခရစ်နှစ် ၁၉၀၄ ခုနှစ်တွင် 'မောင်ရင်မောင် မမယ်မ' ဝတ္ထုဖြင့် ပွဲဦးထွက်ခဲ့သော ကာလပေါ်မြန်မာဝတ္ထုရှည်၏ သက်တမ်းသည် အနှစ် ၂၀ လောက်ကြာသောအခါ ဒုတိယ ဆယ်ဂဏန်းသို့ ချင်းနင်းဝင်ရောက်လာလေပြီ။ ယင်းသက်တမ်းတစ်လျှောက်၌ ကာလပေါ်ဝတ္ထုများလည်း အရေအတွက် အတော်အသင့်ထွက်ပြီးနေပြီ။

ထိုအချိန်ကာလဝန်းကျင်သည် သမိုင်းနောက်ခံ မြန်မာဝတ္ထုရှည်၏ အရုဏ်ဦးဖြစ်သည်။ သမိုင်းနောက်ခံ ရာဇဝင်ဝတ္ထုသမိုင်း၌ မစ္စတာမောင်မှိုင်း၏ 'ဓမ္မစေတီ' ဝတ္ထုသည် ဖွေဆော်ဦးဖြစ်သော်လည်း 'ဓမ္မစေတီ' ဝတ္ထုသည် ဝတ္ထုတစ်ပိုင်း ပြဇာတ်တစ်ပိုင်းလိုဖြစ်နေ၍ ဆရာဦးမောင်ကြီးကိုသာလျှင် သမိုင်းနောက်ခံရာဇဝင်ဝတ္ထု၏ အာဒိကမ္မိကဟု ဆိုနိုင်သည်။

ဆရာဦးမောင်ကြီးသည် ၁၉၁၉ ခုနှစ်တွင် 'နတ်ရှင်နောင်' ဝတ္ထုကို ရေးသည်။ 'နတ်ရှင်နောင်' ဝတ္ထုသည် ဘုရင့်နောင်၏ သားတော် ငါးဆူဒါယကမင်း ဟံသာဝတီနေပြည်တော်၌ စိုးမိုးအုပ်ချုပ်နေသည့် အချိန်ကာလ
mgyoe.com

mgyoe.com

ကို နောက်ခံထားရေးဖွဲ့သည့် ဝတ္ထုဖြစ်သည်။

ဝတ္ထုဇာတ်လမ်းမှာ ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီး၏ အနွယ်တော်များအတွင်း ဖြစ်ပျက်သော နန်းတွင်းအဖြစ်အပျက်များသာဖြစ်သည်။ ဝတ္ထုအရေးအသား အဖွဲ့အနွဲ့မှာ နဘောကာရန်များနှင့် ကဗျာဆန်သည်။ ထီးဟန်နန်းဟန် ပါသည်။ ထီးသုံးနန်းသုံး စကားလုံးများဖြင့် တန်ဆာဆင်ထားသည်။ အချို့အစိတ်အပိုင်းများ၌ ဖွဲ့ထားပုံမှာ 'ရတနာ့ကြေးမုံ' စသော ရှေးဟောင်းနန်းတွင်းဝတ္ထုများ၏ အရေးအသား အဖွဲ့အနွဲ့မျိုးဖြစ်သည်။ နတ်ရှင်နောင်ရတုများကိုလည်း ဝတ္ထုဇာတ်လမ်းနှင့် အံဝင်ခွင်ကျဖြစ်မည့် နေရာများ၌ ထည့်သွင်းထားသည်။

ဝတ္ထု၏ အဓိကဇာတ်ဆောင်ရတုစာဆိုနတ်ရှင်နောင်၏ ဘဝ၌ အလင်းနှင့် အမှောင်နှစ်မျိုးရှိသည်။ ဤဝတ္ထု၌ အလင်းပိုင်းကိုသာ ဖော်ပြထားသည်။ ရတုစာဆို၊ စစ်သည်သူရဲကောင်း၊ မေတ္တာစစ်မေတ္တာမှန်ကို တန်ဖိုးထားသူ။ ယင်းဂုဏ်အင်္ဂါများမှာ နတ်ရှင်နောင်၏ ဘဝ၌ အလင်းပိုင်းများဖြစ်သည်။ နတ်ရှင်နောင်ဝတ္ထု၌ ယင်းဂုဏ်အင်္ဂါရပ်များကိုသာ ဖော်ပြထားသည်။

နတ်ရှင်နောင်ဝတ္ထုကပေးသော သင်ခန်းစာများအနက် အထူးသတိပြုထိုက်သော သင်ခန်းစာတစ်ခုမှာ ပြည်သူပြည်သားတို့အား ကျောသားရင်သားမခွဲခြားဘဲ အုပ်ချုပ်ရမည်ဟူသော အချက်ဖြစ်သည်။ လူမျိုးတစ်မျိုးကို မြှောက်စားလျက် အခြားလူမျိုးတစ်မျိုးအား ဖိနှိပ်ခြင်းသည် နိုင်ငံတော်၏ ပျက်စီးရာ ပျက်စီးကြောင်းဖြစ်သည်။ ယင်းသင်ခန်းစာကို နတ်ရှင်နောင်ဝတ္ထု၌ ဖော်ပြထားသည်။

နတ်ရှင်နောင်ဝတ္ထုသည် အတွဲ ၂ တွဲရှိသည်။ သို့သော် အပြီးမသတ်ပေ။ ဆရာဦးမောင်ကြီး၏ အပြီးမသတ်သော ဝတ္ထုများအနက် နတ်ရှင်နောင်ဝတ္ထုသည် တစ်ခုအပါအဝင်ဖြစ်သည်။

ဆရာဦးမောင်ကြီး၏ အခြားထင်ရှားကျော်ကြားသော သမိုင်းနောက်ခံရာဇဝင်ဝတ္ထုကြီးတစ်ခုမှာ 'တပင်ရွှေထီး' (၁၉၂၄–၁၉၂၈) ဖြစ်သည်။

ဝတ္ထုရေးချိန်သည် အင်္ဂလိပ်နယ်ချဲ့လက်အောက် ကျရောက်နေသည့် မြန်မာနိုင်ငံအတွက် ဇာတိမာန်တက်ကြွရေးနှင့် အမျိုးသားစိတ်မြင့်မားရေး

mgyoe.com

mgyoe.com
အရေးတကြီး လိုအပ်နေသည့်အချိန်ဖြစ်သည်။ ထို့ကြောင့် ဝတ္ထုရေးဆရာသည် ဇာတိမာန်လည်း တက်ကြွစေ၊ ရာဇဝင်သမိုင်း ဗဟုသုတလည်း ကြွယ်ဝစေဟူသည့် သဘောဖြင့် တပင်ရွှေထီးဝတ္ထုကို ရေးသားရခြင်းဖြစ်သည်ဟု ဝတ္ထုရေးဆရာက ဝန်ခံထားသည်။

ဝတ္ထု၏နောက်ခံမှာ မြန်မာ့သမိုင်းတွင် အတောက်ပြောင်ဆုံးကာလတစ်ခုဖြစ်သည့် တောင်ငူဟံသာဝတီတပင်ရွှေထီးနှင့် ဘုရင့်နောင်တို့၏ ခေတ်ကာလဖြစ်သည်။

တပင်ရွှေထီးဝတ္ထု၌ စံအပြုထိုက်ဆုံး ဇာတ်ဆောင်မှာ ဘုရင့်နောင်ဖြစ်သည်။ ဘုရင့်နောင်သည် တပင်ရွှေထီး၏ သက်တမ်းတစ်လျှောက်လုံး၌ တပင်ရွှေထီး၏လက်ရုံးအဖြစ် သစ္စာရှိရှိ တာဝန်ကျေကျေ အမှုတော်ထမ်းရွက်ခဲ့သည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် 'နတ်ရှင်နောင်' နှင့် 'တပင်ရွှေထီး' အပြင် 'ဗညားနွဲ့'၊ 'ပန်ထွာမင်းသမီး' စသော အခြားသမိုင်းနောက်ခံ ရာဇဝင်ဝတ္ထုကြီးများကိုလည်း ရေးသားခဲ့သည်။

ဆရာဦးမောင်ကြီးသည် ကဗျာပေါင်းများစွာကိုလည်း ရေးသားဖွဲ့ဆိုခဲ့သည်။ သူ၏ကဗျာအဖွဲ့များမှာ သူရေးသော ဝတ္ထုများတွင်လည်းကောင်း၊ အခြားပဟိုနေရာ သည်နေရာတို့တွင်လည်းကောင်း ပါရှိသည်။ ဆရာဦးမောင်ကြီး၏ ကဗျာအဖွဲ့များမှာ ဘုရားဂုဏ်တော်ဘွဲ့ကဗျာများနှင့် သတ္တလောက၊ ဩကာသလောကကို စကားလုံး နုနုရွရွကလေးများဖြင့် ဖွဲ့ဆိုထားသော ကဗျာအဖွဲ့များဖြစ်ကြသည်။

စာဆိုတော်မင်းသမီး လှိုင်ထိပ်ခေါင်တင်သည် 'ဘောလယ်' ကဗျာဖွဲ့နည်းကို စမ်းသပ်တီထွင်သွားသကဲ့သို့ ဆရာဦးမောင်ကြီးသည်လည်း မြန်မာကဗျာလောက၌ ကဗျာဖွဲ့နည်းတစ်ရပ်ကိုစမ်းသပ် တီထွင်သွားခဲ့သည်။ ယင်းကဗျာဖွဲ့နည်းမှာ 'ရှစ်လုံးဘွဲ့' ကဗျာဖွဲ့နည်းဖြစ်သည်။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၏ ကဗျာများထဲက လက်ရွေးစင်ကဗျာများကိုစုစည်းလျက် 'ကဗျာ့မဉ္ဇရီ' အမည်ဖြင့် စာအုပ်ထုတ်ဝေထားသည်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ ကဗျာအဖွဲ့များသည် ရှေးရှေးကဗျာများကဲ့သို့ပင် များသောအားဖြင့် ဓမ္မကိုဖွဲ့ဆိုသော ကဗျာများနှင့်
mgyoe.com

mgyoe.com

မယ်ဘွဲ့၊ မောင်ဘွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့၊ ရာသီဘွဲ့၊ ဩကာသလောက ဘွဲ့ ကဗျာများဖြစ်ကြသည်။

ယခုခေတ်နိုင်ငံရေးအမြင်၊ လူတန်းစားအမြင်ဖြင့် ကြည့်လျှင်မူ ဆရာဦးမောင်ကြီး၏ ကဗျာများထဲတွင် နယ်ချဲ့ဆန့်ကျင်ရေး၊ အလုပ်သမား လယ်သမား လူတန်းစားအရေး ဖော်ကျူးထားသည့်ကဗျာများကို မတွေ့ရပေ။

ယခုအမြင်ဖြင့်ကြည့်၍ ပြောရလျှင်မူ သူနှင့် ခေတ်ပြိုင်ကဗျာစာဆိုတော်ကြီးတစ်ဦးဖြစ်သော သခင်ကိုယ်တော်မှိုင်းနှင့် တခြားစီဖြစ်နေသည်။ ဆရာဦးမောင်ကြီးက ကဗျာပုံစံမျိုးစုံရေးသည်။ သို့သော်လည်း သူ၏ကဗျာများမှာ နယ်ချဲ့ဆန့်ကျင်ရေး၊ အလုပ်သမား၊ လယ်သမားလူတန်းစားအရေး၊ အမျိုးသားရေးဆီသို့ အာရုံမရောက်ပေ။

သခင်ကိုယ်တော်မှိုင်းကမူ ကဗျာရေးနည်းပုံစံတစ်ခုဖြစ်သော လေးချိုးကြီးကိုသာ ရေးလေ့ရှိသည်။ သို့သော်လည်း သူ၏လေးချိုးကြီးများမှာ နယ်ချဲ့ဆန့်ကျင်ရေး၊ မျိုးချစ်စိတ်ဓာတ်ထက်သန်ရေး အမျိုးသားရေးများကို ဦးစားပေးရေးသော ကဗျာများဖြစ်သည်။ ဆရာဦးမောင်ကြီးသည် ကဗျာရေးရာ၌ ကဗျာ၏အသက်ဝိညာဉ်ဖြစ်သော အတွေးအခေါ်ပိုင်းမျှကိုသာမက ကဗျာ၏ ကိုယ်ခန္ဓာပိုင်းဖြစ်သော စကားလုံးကိုလည်း အထူးဂရုစိုက်၍ ရေးသားဖွဲ့ဆိုသည်။ ခံ့ခံ့ညားညားရေးသားရမည့် နေရာမျိုး၌ ခံ့ညားသော စကားလုံးများကို ရွေးသုံးပြီး နုနုရွရွရေးသားရမည့် အခါမျိုး၌ နုနုရွရွ စကားလုံးများကို တန်းစီရေးဖွဲ့သည်။

*

လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ဘဝကိုပုံဖော်ရာ၌ သူ၏ မိသားစုအကြောင်းနှင့် သူ၏စရိုက်အကြောင်းလည်း မပါလျှင်မဖြစ်ပေ။ ဆရာဦးမောင်ကြီး၏ ဘဝတွင် အိမ်ထောင်နှစ်ဆက်ရှိသည်။ ၁၉၀၈ ခုနှစ်တွင် လူဝတ်လဲပြီး ဒေါ်မမကြီးနှင့် အိမ်ထောင်ပြုသည်။ ဒေါ်မမကြီးနှင့် ယောကျ်ားလေးနှစ်ယောက်၊ မိန်းကလေးနှစ်ယောက် မွေးသည်။ သို့သော်လည်း မောင်တင်ဦးအမည်ရှိ ယောကျ်ားလေးတစ်ယောက်သာ အဖတ်တင်သည်။

သားဖြစ်သူ မောင်တင်ဦး (ဦးတင်ဦး) လည်း အိမ်ထောင်သုံးဆက်

mgyoe.com

mgyoe.com

ရှိသည်။ ပထမအိမ်ထောင်နှင့် ဒုတိယအိမ်ထောင်နှစ်ဦးလုံး၏ အမည်မှာ ဒေါ်သန်းရင်ဖြစ်သည်။ ပထမဒေါ်သန်းရင်တွင် မိန်းကလေးတစ်ယောက်၊ ယောကျ်ားလေးတစ်ယောက် မွေးသည်။ ယခုကဗျာဆရာ မောင်သင်းခိုင်မှာ ဦးတင်ဦးနှင့် ဦးတင်ဦး၏ ဒုတိယအိမ်ထောင် ဒေါ်သန်းရင်တို့မှ မွေးဖွားသော သားဖြစ်သည်။ ဆရာဦးမောင်ကြီးသည် မောင်သင်းခိုင်၏ အဘိုးတော်သည်။ ဦးတင်ဦးသည် တတိယအိမ်ထောင် ဒေါ်သန်းသန်းနှင့် သားတစ်ယောက်၊ သမီးတစ်ယောက်မွေးသည်။

ဆရာဦးမောင်ကြီး၏ ပထမအိမ်ထောင်ဒေါ်မမကြီးသည် ၁၉၁၉ ခုနှစ်လောက်တွင် ကွယ်လွန်သွားသည်။ ဆရာဦးမောင်ကြီးသည် တစ်ပင်လဲသွားသော်လည်း တော်တော်နှင့် တစ်ပင်မထူတော့ဘဲ လေးနှစ်လောက်ကြာမှ ဒေါ်အေးအမည်ရှိ အမျိုးသမီးတစ်ဦးနှင့် အကြောင်းပါသည်။ ထိုအချိန်က ဆရာဦးမောင်ကြီးက အသက် ၄၂ နှစ်၊ ဒေါ်အေး၏အသက်က ၂၂ နှစ်။

ဒေါ်အေးနှင့် သမီးတစ်ယောက်မွေးသည်။ သား၏ အမည်ကို မောင်တင်ဦးဟု မှည့်သလိုပင် သမီး၏အမည်ကိုလည်း မတင်ဦးဟု မှည့်ထားသည်။

မတင်ဦးက သားနှစ်ယောက်၊ သမီးနှစ်ယောက် မွေးသည်။ စာရေးဆရာ မောင်ရဲခိုင်မှာ ဒေါ်တင်ဦး၏သား၊ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၏ မြေးဖြစ်သည်။ ဒေါ်အေးနှင့်ရသော သားသမီးအဆက်အနွယ်တွင်လည်း မောင်ရဲခိုင်မှာ အဘိုး၏ စာပေဗီဇပါလာသူ ဖြစ်သည်။

*

ဆရာဦးမောင်ကြီးသည် စာရေးသောအခါ သင်ဖြူးဖျာပေါ်တွင် အားလျားမှောက် ရေးလေ့ရှိသည်။ တစ်ခါတစ်ရံ အလုပ်တိုက်ရောက်သွားပြီး စာရေးသည့်အခါ၌သာ စားပွဲ၊ ကုလားထိုင်နှင့် ရေးသည်။ အားလျားမှောက်ရေးသည့် အလေ့အထမှာ ဘုန်းကြီးဘဝက ဆင်းသက်လာသလားမသိပေ။ ဘုန်းတော်ကြီးများလည်း များသောအားဖြင့် စာရေးသည့်အခါ အားလျားမှောက်ရေးလေ့ရေးထရှိသည်။ ရာဟုလာသံကိစ္စလည်း ဝမ်းလျားမှောက်စာရေးလေ့ရှိသည်။

mgyoe.com

mgyoe.com

ဆရာဦးမောင်ကြီးသည် ဖောင်တိန်နှင့် စာမရေးဘဲ ကလောင်တံနှင့် စာရေးသည်။ ဖောင်တိန်က နစ်ကိုချွတ်ပြီး ကလောင်တံတွင် တပ်ထားသည်။ "တောက်လျှောက်ရေးသွားရင် လက်ညောင်းတယ်။ ကြိုကြားကြိုကြား မင်အိုးကို ကလောင်တံနဲ့ လှမ်းလှမ်းတို့နေရတော့ အညောင်းပြေတယ်" ဟု ဆရာဦးမောင်ကြီး ပြောသည်ကို တစ်ဆင့်ကြားဖူးသည်။

ဆရာဦးမောင်ကြီးသည် စာရေးသည့်အခါ မရပ်မနားဘဲ တောက်လျှောက် ရေးသွားတတ်သည်။ စာတစ်ပုဒ် ဆုံးအောင်ရေးပြီးမှ ရပ်နားသည်။

သခင်ကိုယ်တော်မှိုင်းနှင့် ဆရာဦးမောင်ကြီး မတူသည့် အချက်တစ်ချက်ရှိသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက သူ့စာပြင်သည်ကို မကြိုက်။ ဆရာဦးမောင်ကြီးက ထိုသို့မဟုတ်။ သူ့စာပြင်သည်ကို လက်ခံသည်။

တစ်ခါက ဆရာဦးမောင်ကြီး၏ သုတ္တန္တနိကိတစာအုပ် ရိုက်နှိပ်နေစဉ် ဆရာဇေယျက 'ပရု' ပြင်ပေးရသည်။ ပရာဘဝသုတ်ဂါထာမှ စာတစ်လုံး ကျနေသည်ဖြစ်၍ ဆရာဇေယျက မူရင်းပါဠိတော်နှင့် တိုက်၍ပြင်ပေးလိုက်သည်။ ပြင်ချက်ကို ဆရာဦးမောင်ကြီး သိရှိသွားသောအခါ ဆရာဇေယျအား အထူးကျေးဇူးတင်သွားသည်ဟု သိရသည်။

ဆရာဦးမောင်ကြီးသည် နံနက် ၇ နာရီမှ ၉ နာရီအတွင်း ဧည့်သည်များကို လက်ခံတွေ့လေ့မရှိပေ။ ၁၂ နာရီမှ ၅ နာရီအတွင်း၌သာ ဧည့်သည်များကို လက်ခံတွေ့ဆုံသည်။

ဧည့်သည်ပြောသည့်စကားကို စိတ်ဝင်တစား နားထောင်လေ့ရှိသည်။ ဧည့်သည်အား မိမိသိလိုသည့် ရပ်ရေးရွာရေးများနှင့်ပတ်သက်၍ ကောက်ကာငင်ကာ မေးတတ်သည်။ မိမိမေးသည်ကို ကျေနပ်လောက်အောင် ပြန်ဖြေတတ်လျှင် ကျေနပ်သည်။ ပြန်မဖြေတတ်လျှင် "တယ်သနားစရာကောင်းပါလား" ဟု ညည်းတတ်သည်။

တစ်ခါက ဦးဇမောင် (မြန်မာစာပါမောက္ခဟောင်း) သည် ဆရာဦးမောင်ကြီးထံ ရောက်သွားသည်။ "ဘယ်ဇာတိလဲ" ဟု မေးသောအခါ ဦးဇမောင်က "ကျုံပျော်ဇာတိ" ဟု ဖြေသည်။ "ဘာကြောင့် ကျုံပျော်လို့ခေါ်တာလဲ" ဟု မေးမြန်းသောအခါ ဦးဇမောင်က "မွန်ဘာသာစကား

mgyoe.com

mgyoe.com

ကြင်ပွေးက ကျုံပျော်ဖြစ်လာတာပါ။ ချောင်းကို ကြင်လို့ခေါ်တယ်။ ချောင်ကို ပွေးလို့ခေါ်တယ်" ဟု ဖြေသည်။ ထိုအခါ ဆရာဦးမောင်ကြီး သဘောကျသွားသည်။

မကြာခင် ညောင်တုန်းသားတစ်ယောက် ရောက်လာပြန်သည်။ "ဘာဖြစ်လို့ ညောင်တုန်းလို့ ခေါ်တာလဲ" ဟု မေးသောအခါ ညောင်တုန်းသားက မဖြေတတ်သဖြင့် "သနားစရာသတ္တဝါလေးပဲ" ဟု ဆရာဦးမောင်ကြီး ညည်းလေသည်။

ဆရာဦးမောင်ကြီးသည် လူနုဖြစ်သည်။ လူနုသလိုပင် စာလည်းနုသည်။ အရောင်ကိုလည်း နုနုမှကြိုက်သည်။ ပန်းရောင်၊ အဝါနုရောင်ကိုကြိုက်သည်။ ပန်းရောင်ခေါင်းပေါင်း၊ အဝါနုရောင်ခေါင်းပေါင်း ပေါင်းလေ့ရှိသည်။ ပင်နီကိုလည်း ဝတ်လေ့ရှိသည်။ စံပယ်၊ ဇွန်၊ သရဖီပန်းများကို နှစ်သက်သည်။

အစားအသောက်နှင့်ပတ်သက်၍ သားငါး သိပ်မစား။ ဟင်းသီးဟင်းရွက်အစားများသည်။ ငှက်ပျောသီးကြိုက်သည်။ တစ်နေ့ကော်ဖီ သုံးခါ သောက်သည်။ ထောပတ်ထမင်း၊ ပဲထမင်း ကြိုက်သည်။ ဘုရားရှိခိုးသည်။ ပုတီးစိပ်သည်။ ည ၁၀ နာရီလောက် အိပ်တတ်သည်။ မနက်မိုးလင်းလင်းချင်း အိပ်ရာထသည်။ နံနက်အိပ်ရာကထပြီးသောအခါ ကော်ဖီသောက်သည်။ သတင်းစာဖတ်သည်။ ထို့နောက် စာရေးသည်။ ၁၀ နာရီလောက် ရေမိုးချိုးပြီး နေ့လယ်စာစားသည်။ ထမင်းစားပြီး တစ်ရေးတမော အိပ်သည်။ ၁၂ နာရီတွင် အလုပ်ပြန်စသည်။ ၁၂ နာရီမှ ၅ နာရီအထိ စာရေးသည်။ ညစာကို စောစောမစား။ ၈ နာရီလောက်ကျမှ စားသည်။

*

၁၉၃၁ ခုနှစ်၌ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးအား ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့ပေးသည်။ ၁၂၉၃ ခု ပထမဝါဆိုလဆန်း ၁၄ ရက် (၁၉၃၁ ဇူလိုင်လ ၂၈ ရက်) အင်္ဂါနေ့ ညနေ ၄ နာရီအချိန်၌ ကျင်းပပြုလုပ်သော တက္ကသိုလ်ဘွဲ့နှင်းသဘင်၌ လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် မဟာဝိဇ္ဇာဘွဲ့ကို လက်ခံရရှိသည်။ ထိုဘွဲ့နှင်းသဘင်၌ ဆာဘင်ဂျမင် ဟားဘတ်တီး (အိုင်စီအက်) အား ဥပဒေပါရဂူဘွဲ့ကိုလည်း

mgyoe.com

mgyoe.com


ကောင်း၊ သာသနာပိုင် ဆရာတော် ဦးဝိသုဒ္ဓနှင့် ရယ်ဗရင်ရောဘတ်ပဘု လီဒေအား စာပေပါရဂူဘွဲ့ကိုလည်းကောင်း၊ ဦးကျော်ဒွန်း၊ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၊ မစ္စစ်လက်စလီမင်၊ ပုဂံဝန်ထောက် ဦးတင်တို့အား မဟာဝိဇ္ဇာ (အမ်အေ) ဘွဲ့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဒုတိယအဓိပတိ ဦးဆက် (မြို့နိစီပယ်မင်းကြီး) က လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ အတ္ထုပ္ပတ္တိကို ဖတ်ပြသည်။ ယင်းသို့ ဖတ်ပြရာ၌ ....

"လယ်တီဆရာတော်ဘုရား၏ တပည့်ရင်းဖြစ်သော လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေးသားသော ကျမ်းဂန်များမှာ ဗုဒ္ဓဘာသာတရားတော်၏ အဆီအနှစ်များကိုထုတ်၍ ရေးသားသော ကျမ်းဂန်များစွာပါသည်။ ကုသဂီတိ၊ ဝေဿန္တရာဂီတိ၊ ဘဂဝါဂီတိ၊ ပရမတ္ထသံခိပ်ဋီကာ၊ ဝိထိမဉ္ဇရီ၊ ပစ္စယမဉ္ဇရီ၊ နီတိမာလာ၊ စာဏာကျ နီတိ၊ တိပိဋကနီတိ၊ သုတ္တန္တနီတိ စသည်တို့ဖြစ်ကြသည်။ နတ်ရှင်နောင်ဝတ္ထု၊ တပင်ရွှေထီးဝတ္ထု၊ သကုဏ္ဍလဝတ္ထု စသည်တို့ကိုသာမကဘဲ လယ်တီပဏ္ဍိတဦးမောင်ကြီးသည် ထေရီ ထေရာ ဂါထာနှင့် ဓမ္မစကြာ၊ သတိပဋ္ဌာနသုတ္တ၊ ပဋ္ဌာန်း၊ ယမိုက်၊ ဆန်း၊ အလင်္ကာ စသည်တို့နှင့် ပတ်သက်သော ကျမ်းများကိုလည်း ရေးသားပြုစုသွားခဲ့သည်...." စသည်ဖြင့် ဖော်ပြသွားသည်။

*

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ ဘဝမှတ်တိုင်ကြီးတစ်ခုရှိသည်။ ယင်းမှတ်တိုင်ကား တို့ဗမာအစည်းအရုံးဝင် သခင်အဖြစ်ခံယူလိုက်ခြင်းဖြစ်သည်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေးကို လှုံ့ဆော်သည့် စာနှင့်ကဗျာများ အရေးအသားနည်းသော်လည်း သူ၏နှလုံးထဲတွင် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေး စိတ်ဓာတ် ကိန်းအောင်းနေသည်။ ယင်း၏ သာဓကမှာ တို့ဗမာအစည်းအရုံးဝင် သခင်အဖြစ် ခံယူလိုက်ခြင်းဖြစ်သည်။

၁၉၃၉ ခုနှစ် ဧပြီလ ၇ ရက်နေ့မှစ၍ ၁၀ ရက်နေ့အထိ မော်လမြိုင်မြို့တွင် တို့ဗမာအစည်းအရုံးကြီး၏ စတုတ္ထအကြိမ်မြောက် ညီလာခံကြီး ကျင်းပပြုလုပ်သည်။ ယင်းညီလာခံကြီးမှာ တို့ဗမာအစည်းအရုံး၏ နယ်ချဲ့

mgyoe.com

ဆန့်ကျင်ရေးသမိုင်း၌ ကြီးမားသော အခန်းကဏ္ဍက ပါဝင်သည်။ ယင်းညီလာခံကြီး၌ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်လပ်ရေး ရဲရဲတောက် အဆိုများကို ချမှတ်ကြသည်။ သခင်လှဘော်ကို တို့ဗမာအစည်းအရုံးကြီး၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြသည်မှာ ထိုညီလာခံကြီးကဖြစ်သည်။

ထိုအချိန်၌ ဦးမောင်ကြီးသည် မုံရွာမြို့ သူ၏နေအိမ်ရှိ ခုတင်ညောင်စောင်းတွင် လူမမာအဖြစ် လဲလျောင်းနေရရှာပြီ ညီလာခံကြီးသို့ တက်ရောက်လိုသည့်ဆန္ဒ ပြင်းထန်သော်လည်း မတက်နိုင်တော့။ သဝဏ်လွှာမျှကိုသာ ပို့နိုင်တော့သည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ သဝဏ်လွှာကို ညီလာခံတွင် ဖတ်ပြသောအခါ ညီလာခံသို့ တက်ရောက်လာကြသော ပရိသတ်ကြီးက နှစ်ထောင်းအားရ သြဘာပေးကြလေသည်။

ညီလာခံတွင် နောက်နှစ်အတွက် ရွေးကောက်တင်မြှောက်သော တို့ဗမာအစည်းအရုံး၏ နိုင်ငံလုံးဆိုင်ရာအမှုဆောင်အဖွဲ့စာရင်းနှင့် ဌာနချုပ်အမှုဆောင်စာရင်း ကြေညာသောအခါ တို့ဗမာအစည်းအရုံး၏ နာယကကြီးများစာရင်းတွင် –

၁။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း

၂။ သခင်ထိပ်တင်ကိုယ်တော်ကြီး

၃။ လယ်တီပဏ္ဍိတ သခင်မောင်ကြီး ဟူ၍ပါလာလေသည်။

*

တို့ဗမာအစည်းအရုံးညီလာခံကျင်းပပြီးနောက် ၁၀ ရက်မျှသာ ခြားသည်။ ၁၉၃၉ ခုနှစ် ဧပြီလ ၂၁ ရက်နေ့၌ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် မုံရွာမြို့သူ့နေအိမ်တွင် ကွယ်လွန်အနိစ္စရောက်သွားလေသည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ ဘဝမှတ်တမ်းအကျဉ်းကို 'စစ်ကိုင်းပြန်မှာတော်ပုံ' ၌ မစ္စတာမောင်မှိုင်းရေးသားသော 'လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးဘွဲ့' လေးချိုးကြီးဖြင့် နိဂုံးချုပ်လိုက်ပါသည်။

သြော်....အထက်ချင်းတွင်း အလုံ မုံရွာဒ့ပယင်းတောင်မှလည်း မကြွနိုင်ဘူး။ မဂ္ဂဇင်းဒဂုံမှာ သတင်းအရောင်လှစေဖို့၊ တြင်းတဘောင်အရတွေနှင့် မြန်မာ့ ထုံးပြရန်၊ (အိုကွယ်) နဝင်းအောင်စံရ၊ တြင်းဆောင်မပရယ်

mgyoe.com

mgyoe.com


လို့...(ဩော်) တစ်ရှဉ်းနှစ်ကောင် ကသလိုပေါ့၊ ဆရာရှန်းရပြန်။

(ဩော်) နယ်ပြည့်သမိုင်းတွင်ဖြင့် ဘယ်ကဝိနိူင်းကြမတုံးကွဲ့၊ လယ်တီဂိုဏ်းတွင် အလင်္ကာပါရဂူမို့၊ ဆွယ်မည့်တိုင်းလျှင် ယှဉ်စရာတစ်မူမတော့၊ မင်္ဂလာဇမ္ဗူအဝကြေငှန်းတွင်မှ၊ အရှင်ဆရာနှစ်ဆူ ကဗျာ့ပန်းတွေမို့ သမ္မတနန်းကြော့ရှင် ဒေဝီရတနာတို့နှင့်၊ မဟေသီကလျာ တပင်ပျော်ဖို့တောင်မှ အတွင်နှော် နမ်းတဲ့ပြင်၊ ကေသီမာလာ ဆင်တော်မြန်းပါလို့၊ ပျော်ခန်းကြည်လင်သဒ္ဒါတဲ့၊ ထေရ်သီလဝင်ဆရာ မဟာရဋ္ဌသာရတို့ ထုံးလိုပ၊ အစီလင်္ကာစပ်သမျှ ဟပ်သမျှ စာအလုံးတွေက၊ ကမ္ဘာဆုံးအောင် မတုံးမပြယ်မဲ့ ရနံ့တွေနှင့်၊ ခန့်ခန့်အခိုင်ဝေလို့မို့၊ ဂနိုင်အသရေမြိုင်ခြေအခင်းဆီသို့၊ ကြိုင်စေလှိုင်စေ တဖြိုင်ဖြိုင် တကြွေကြွေဆင်းပေတဲ့၊ ရွှေမင်းဝံတောင်ပေါ်က ပန်းတွေထက် နုကဗျာ သူ့စာက လန်းပေသမို့၊ မန်းဇမ္ဗူ့ ပလ္လင်ပျံ့မှာ နှော်ကွယ်၊ အဖမ်းအညှု၊ နန်းရတုလိုမို့၊ ဘန်းသူ့ဆင်ရန်။

...ကဝိမှတ်ထုံးဝယ် တကယ် တင်ဖွယ်အထူးရဲ့ပြင်၊ ပိဋကတ်သုံးသွယ် အပြင်ကျယ်တဲ့ ပင်လယ်ကူးပေမို့၊ (ဩော်) မာလိန်မှူးရယ်တို့၊ ရေလမ်းသန်သလို၊ အထွေထွေ ကျမ်းဂန်ကိုတော့ အမြင်မှန်မှန်စီး (အိုကွယ်) ရေနန်းယာဉ်ပျံ့လိုပေါ့၊ လျှင်လျှင်မြန်မြန်ခရီး။

တွေးတောစရာ၊ ရှေးသရော ယမန်ခါက ဟံသာကို ဓမ္မကွန္ဒာနှင့်စိုးပေသမို့၊ ပုထိုးစေတီထင်ကြတဲ့၊ ပဂိုးနေခြည် အသွင်သို့၊ ဓမ္မစေတီ ရှင်ဘုရင် သမ္မတ လူဝင်စားပေထင့်၊ ကေသရီဘုရင် ပတ္တမြား ဂူတစ်ခွင်ကြွားသလိုပေါ့၊....တသွယ်ပုံဆောင်လျှင်၊ အကွယ်ချုံရှောင်ရတဲ့၊ ဒရယ်၊ ယုန်၊ ကြောင် အလားတွေမို့၊ ...(ဩော်) ဘယ်သူဟန်တယ်တော်တယ်လို့၊ တမူစံပေါ်ကြမလဲကွဲ့ လူပြန်တော်တကာမှာ သူအမှန် မဟော်သဓာအလားပေမို့... ဗြဟ္မာ့သာသနာမှာတောင် သက္ကတဘာသာသွားလိုက်ပုံက...မာဂဓီသင်ရည်ပါ၊ နာဂရီဘင်္ဂလီဆားပေပေါ့၊ အားထားဖွယ်အင်္ဂါစုံလို့မို့၊ ပညာဂုဏ် အရည်အချင်းဟာက၊ ယခင်မြန်မာဘုံ ပြည်အတွင်းတွင်ဖြင့်၊ မင်းများရာဇာ သနင်းအမွန်ဆုပေပ၊ ပင်းယမှာ အတွင်းဝန်ပြုစေတဲ့ စတုရင်္ဂဗိုလ်သို့၊ သွင်နဂိုရ်သို့ တင်ဘိသော်လည်း၊ အရင်လို ကိုယ့်အရှင်သခင်ဆိုတဲ့ ကိုယ့်ဘုရင်ကလည်း မရှိချိန်မို့၊ 'ပဏ္ဍိတာ' အသရေဆောင်တဲ့၊ ကဓေ

mgyoe.com

mgyoe.com


အခေါင် 'ဦးမောင်ကြီး' မှာတော့....ဟိုနှစ်ကောင် 'ကိုမောင်ကြီး' တို့လို...၊ ရုံးပေါ်မှာ ဘုန်းတော်မကြီးသော်လည်း၊ အံ့ချီးဖွယ်ဝသီလှပုံက၊ သီလ သမာဓိရယ်နှင့် မေတ္တာပါ သစ္စာကလည်း ရှိတဲ့ပြင်၊ ကတိတကယ်မဖိတ့် လယ်တီနွယ်သူတော်ကောင်းရယ်နှင့်၊ ဆရာမှာ ကမ္ဘာက အကြောင်းပေ ထင့်၊ ဒဂုန်မှာ မကြုံတောင်းပေပေါ့ (အမယ်မင်း) ၎င်းအထက် ဘဝဘဝ က ယခင်ဝါသနာနဲ့ ကြင်ကြင်နာနာပဲ နီးခဲ့ကြတဲ့ (သြော်) အဟောင်းက လက်စပေထင့်၊ အကြောင်း ဆက်ကြပေသမို့ (အိုကွယ်) ပေါင်းရဖက်ရ တဲ့ အနဋ္ဌ မင်္ဂလာကြီး။

❑

mgyoe.com

mgyoe.com



# စျာပန ခရီး

၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်။

ဦးထိပ်ပေါ်၌ မိုးကြိုး မကျသော်လည်း ဝန်းကျင်တစ်ဝိုက်တွင် မိုးကြိုးခ သွားသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်သွားပြီး လွတ်လပ်ရေးတိုက် ပွဲခေါင်းဆောင်၊ စာပေခေါင်းဆောင်၊ ပြည်သူ့ခေါင်းဆောင်၊ ငြိမ်းချမ်းရေး ဖခင်ကြီး သခင်ကိုယ်တော်မှိုင်းသည် သူ့ကို လေးစားကြည်ညိုသော ပြည်သူ များကို ထားခဲ့ပြီး လူ့ဘဝ ဇာတ်သိမ်းသွားပြီ။

စာပေလောကသည် စာပေခေါင်းဆောင်ကြီး လက်လွတ်သွားပြီ။ နိုင်ငံ ရေးလောကသည် နိုင်ငံရေးခေါင်းဆောင်ကြီး ဆုံးရှုံးသွားပြီ။ ပြည်သူ့ခေါင်း ဆောင်သည် ပြည်သူတို့ကို စွန့်ခွာထွက်သွားပြီ။ ငြိမ်းချမ်းရေး ဗိသုကာ ကြီးသည် ငြိမ်းချမ်းရေး ရုပ်လုံးမပေါ်ခင် မျက်နှာလွှဲသွားပြီ။

စမ်းချောင်း၊ ချမ်းသာလမ်းရှိ အိမ်ဂေဟာ၌ထားသော ဆရာကြီး၏ ရုပ်ကလာပ်ကို၊ မိမိတို့၏ စာပေခေါင်းဆောင်၊ မိမိတို့၏ နိုင်ငံရေးခေါင်း ဆောင်၊ မိမိတို့၏ ငြိမ်းချမ်းရေး ဖခင်ကြီးကို ပြည်သူအများ နောက်ဆုံး ဂါရဝ လာပြုကြသည်မှာ ဝင်လာမစဲ တဖွဲဖွဲဖြစ်နေသည်။

mgyoe.com

mgyoe.com

စာရေးဆရာများက ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား ကတိပြု သည့် ပန်ကြားလွှာတစ်စောင် ထုတ်ပြန်ကြေညာလိုက်သည်။

စမ်းချောင်း၊ ချမ်းသာလမ်း၌ ထားသော ဆရာကြီး၏ ရုပ်ကလာပ်ကို တစ်ပတ်ကြာသောအခါ ပဒုမ္မာကွင်းရှိ ဈာပန မဏ္ဍပ်သို့ ပြောင်းရွှေ့ထားကြ သည်။ ဆရာကြီး၏ရုပ်ကလာပ် ပဒုမ္မာကွင်း ဈာပနမဏ္ဍပ်ပြောင်းရွှေ့လာ သောအခါ နေရာကျယ်ကျယ်ဝန်းဝန်းဖြစ်လာသဖြင့် ဆရာကြီးအား နောက် ဆုံးဂါရဝပြုရန် ပြည်သူတွေ ပို၍ပို၍လာကြသည်။ အသင်းအဖွဲ့လိုက် လာ ကြသည်။ တစ်ဦးချင်းလာကြသည်။ တစ်နေ့လုံး တစ်ညလုံး ဈာပနမဏ္ဍပ် တွင် လူထုပရိသတ်ပြည့်ကျပ်နေသည်။ လွမ်းသူ့ပန်းခွေများလည်း တောင် ပုံရာပုံဖြစ်နေသည်။

*

၁၉၆၄ ခု၊ ဩဂုတ်လ ၈ ရက်၊ စနေနေ့။

ပဒုမ္မာကွင်း ဈာပနမဏ္ဍပ်တွင် တစ်ပတ်ကြာမျှ ထားပြီးနောက် ယနေ့ ဆရာကြီး၏ရုပ်ကလာပ်ကို ရွှေတိဂုံဘုရား တောင်ဘက်ရှိ စုဖုရားလတ် ၏ အုတ်ဂူဘေးက ဂူသစ်တွင် ဂူသွင်းရန် ပို့ဆောင်ကြတော့မည်။

မိုးဥတု ကာလဖြစ်သော်လည်း ကောင်းကင်တစ်ခွင်၌ မိုးသားတိမ်လိပ် ကင်းစင်နေသည်။ ရာသီဥတုသည် ဆရာကြီး၏ ဈာပနခရီးကို ဖြောင့် ဖြူးသာယာအောင် စီမံပေးထားသကဲ့သို့ဖြစ်နေသည်။

ဈာပနမဏ္ဍပ်မှ ဈာပနခရီး စတင်ထွက်ခွာပြီ။

ဆရာကြီး၏ ဈာပနခရီးလိုက်ပို့ကြသူ ထောင်သောင်းများစွာထဲတွင် မိမိလည်း တစ်ဦးတစ်ယောက်အပါအဝင်ဖြစ်သည်။ ဆရာကြီး၏ ဈာပန ခရီးအစ၌ ဆရာကြီးအား မိမိစတင်တွေ့သော အတိတ်က အကြောင်းသည် ဦးနှောက်ထဲတိုးဝင်လာသည်။ အကယ်၍ 'မိမိနှင့် ဆရာကြီးသခင်ကိုယ် တော်မှိုင်း' ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးမည်ဆိုလျှင် ယင်းအကြောင်းအရာ သည် ဆောင်းပါး၏အစပင်ဖြစ်လာပေလိမ့်မည်။ ဆရာကြီးကို မိမိစတင် တွေ့သည်မှာ ဆရာကြီး ကွယ်လွန်ချိန်မှ နောက်ကြောင်းပြန် ရေတွက်ကြည့် လျှင် နှစ်ပေါင်း ၃၀ လောက်ရှိသွားပြီ။

*

mgyoe.com

mgyoe.com

၁၉၃၄ ခုနှစ်။

ထိုအချိန်က ၁၃ နှစ်အရွယ်မျှလောက်သာ ရှိသေးသော ကျွန်တော်သည် တစ်နေ့ဗားနတ်ပိဋကတ်တိုက် ရောက်သွားသည်။

ဗားနတ် ပိဋကတ်တိုက်သည် ရန်ကုန်ဆေးရုံကြီး တစ်ဖက်ရှိ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့် ယခု အစိုးရအထက်တန်းကျောင်းနေရာ၌ ရှိသည်။ မြေစိုက် အဆောက်အအုံငယ်ကလေးဖြစ်သည်။ အထက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ မသိမ်းပိုက်မီ ၁၈၈၃ ခုနှစ်က အောက်မြန်မာနိုင်ငံ မင်းကြီးဆာချားအက်ဒွပ်ဗားနတ်စတင်တည်ထောင်သော ပထမဆုံး အခမဲ့စာကြည့်တိုက်ဖြစ်သည်။

ကျွန်တော်ဗားနတ်ပိဋကတ်တိုက်သွားခြင်းမှာ စာအုပ်ဖတ်လိုသောကြောင့် မဟုတ်ပေ။ မရောက်ဖူး၍ သွားကြည့်ခြင်းမျှသာ ဖြစ်သည်။ ဗားနတ်ပိဋကတ်တိုက်ထဲ ရောက်သွားသောအခါ စားပွဲပေါ်တွင်ရှိနေသော စာစောင်တစ်ခု ကောက်ယူပြီး ဖတ်ကြည့်သည်။ ထိုစာစောင်မှာ 'ဂန္ထလောက' မဂ္ဂဇင်းဖြစ်သည်။

'ဂန္ထလောက' မဂ္ဂဇင်းဖတ်နေစဉ် တစ်ဖက်စောင်းငဲ့ကြည့် လိုက်သောအခါ အခန်းထောင့်တွင် ပုဂ္ဂိုလ်ကြီးတစ်ဦး ပေစာဖတ်နေသည်ကို တွေ့ရသည်။ ထိုပုဂ္ဂိုလ်ကြီးကို တွေ့တွေ့ချင်း 'သခင်ကိုယ်တော်မှိုင်း' ဆိုသည်ကို ဗေဒင်မမေးဘဲနှင့် အတတ်သိသွားသည်။ ထိုအချိန်က 'မစ္စတာ မောင်မှိုင်း' သည် 'သခင်ကိုယ်တော်မှိုင်း' ဖြစ်လာခါစပင်ရှိသေးသည်။ 'သခင်ကိုယ်တော်မှိုင်း' မှန်း သိသွားခြင်းမှာ ဆရာကြီး၏ ပုံကို စာနယ်ဇင်းအတော်များများ၌ တွေ့မြင်ထားပြီး၍ဖြစ်သည်။

၁၉၂၀ ပြည့်နှစ် ပထမကောလိပ်၏ ရလဒ်အဖြစ်ဖြင့် အမျိုးသားကောလိပ်နှင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာကြသည်။ ဆရာလွန်းသည် အမျိုးသားကောလိပ်၏ မြန်မာစာနှင့် ရာဇဝင် ပရော်ဖက်ဆာ (ပါမောက္ခ) ဖြစ်သည်။

ထိုစဉ်က ဆရာလွန်းသည် အမျိုးသားကောလိပ်၌ အသုံးပြုရန် 'မှန်နန်းရာဇဝင်သစ်' ရေးသားသည်။ 'မှန်နန်းရာဇဝင်သစ်' စာအုပ်၏ အတွင်းစာမျက်နှာတွင် 'ဆရာလွန်း' ဓာတ်ပုံပါသည်။ ထိုအချိန်က ဆရာလွန်း

mgyoe.com

mgyoe.com

၏ အသက်မှာ ၄၅ နှစ်လောက်သာရှိသေး၍ အရွယ်ကောင်းတုန်းပင်ရှိသေးသည်။ ဓာတ်ပုံကလည်း အရွယ်ကောင်းတုန်း ရိုက်ထားသောဓာတ်ပုံဖြစ်၍ နောက်ပိုင်းအသက်အရွယ်ရလာချိန်၌ ရိုက်ထားသောဓာတ်ပုံများနှင့် တခြားစီဖြစ်သည်။ မျက်ခုံးမွေး၊ နှုတ်ခမ်းမွေးနက်နေသည်။ ခေါင်းပေါင်းကို အကျအနပေါင်းထားသည်။ နောက်ပိုင်း ဓာတ်ပုံများမှာကဲ့သို့ သျှောင်ထုံးကို ဖြစ်ကတတ်ဆန်း ပတ်ထားသော ခေါင်းပေါင်းမျိုး မဟုတ်ပေ။ ခေါင်းပေါင်းစကိုလည်း ခပ်ရှည်ရှည်ချထားသည်။ ဆရာကြီး၏ ယင်းဓာတ်ပုံကိုပင် တခြား စာနယ်ဇင်းများတွင်လည်း မကြာခဏ တွေ့နေရသည်။

အမျိုးသားကောလိပ် မြန်မာစာနှင့် ရာဇဝင်ပါမောက္ခအဖြစ် ဆောင်ရွက်စဉ်ကအရွယ်နှင့် ကျွန်တော်စတွေ့သော ဆရာကြီး၏အရွယ်သည် ၁၀ နှစ်ကျော်ကျော်လောက်ကွာလာခဲ့ပြီ။ သို့သော်လည်း နေသည် ပုံမှန်ရွေ့လျားနေသည်ဖြစ်သော်လည်း နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတွင် ရွေ့လျားနေသည်ဟု မထင်ရဘဲ ညနေစောင်းအချိန်ကျမှ နေ၏ရွေ့လျားခြင်းအဟုန်မြန်လာသည်ဟု ထင်ရသည်။ လူ၏အရွယ်လည်း ထိုနည်းအတိုင်းပင်။ မွေးလာသည့်အချိန်မှစ၍ တစ်ခဏပြီးတစ်ခဏ ဇရာပိုင်းသို့ ရွေ့လျားလာသော်လည်း ပျို့ရွယ်ချိန်၌ ဇရာ၏အရှိန်အဟုန်မြန်သည်ဟု မထင်ရဘဲ ဇရာပိုင်းရောက်မှ ဇရာ၏အရှိန်အဟုန်သည် တက်သုတ်ရိုက်နေသည်ဟု ထင်ရသည်။

ဗားနတ် ပိဋကတ်တိုက်တွင် ကျွန်တော် ပထမဆုံး စတင်တွေ့စဉ်က ဆရာကြီး၏အသက်သည် ၅၉ နှစ်လောက်ရှိနေပြီဖြစ်သော်လည်း ဆရာကြီး၏ရုပ်ပုံသည် ဓာတ်ပုံများထဲတွင် တွေ့ရသောပုံနှင့် ကွာခြားချက်မရှိလှသေးပေ။ ထို့ပြင် ကျွန်တော်တွေ့ချိန်၌ တခြားလူတွေဖတ်ခဲ့သော ပေစာကိုလည်း ဖတ်နေသည်။ ဗားနတ်ပိဋကတ်တိုက်ရှိ စာအုပ်အားလုံးလိုလိုကို ဆရာကြီးဖတ်ပြီးပြီဟုလည်း ကြားသိထားသည်။ ထို့ကြောင့် ဗားနတ်ပိဋကတ်တိုက်၌ ကျွန်တော်တွေ့ရသော ပုဂ္ဂိုလ်ကြီးမှာ ဆရာကြီး 'သခင်ကိုယ်တော်မှိုင်း' မှ တစ်ပါးတခြားသူ မဟုတ်မူ၍ တထစ်ချဆုံးဖြတ်လိုက်သည်။ သူ့ကိုမူ သွားမမေးပေ။ စကားလည်း သွားမပြောပေ။ ကျွန်တော်

mgyoe.com

mgyoe.com
ဗားနတ်ပိဋကတ်တိုက်က ပြန်လာခဲ့သည်။ ဆရာကြီးကမူ မျက်နှာနှင့် ပေစာမခွာဘဲ ကျန်ရစ်ခဲ့သည်။

ရှာပနယာဉ်သည် ဗားကရာလမ်းအတိုင်း တဖြည်းဖြည်းရွေ့သွားပြီး တောင်ဘက်ချိုးကွေ့လိုက်သောအခါ ဝိဇယရုံရှေ့ရောက်လာသည်။ ဆရာကြီး၏ ရှာပနခရီး လိုက်ပို့ကြသူများလည်း ထောင်နှင့်သောင်းနှင့်ချီ၍ လိုက်ပါလာကြသည်။ လမ်းဘေးနှစ်ဖက်မှ မတ်တတ်ရပ်လျက် ဆရာကြီး၏ ရှာပနခရီးကိုကြည့်ပြီး ဆရာကြီးအား အန္တိမဂါရဝပြုကြသူများ၏ ဦးရေမှာလည်း ပို၍ပင်များလာသည်။ ထိုအခိုက် မိမိ၏ အမှတ်သညာထဲတွင် ဆရာကြီးနှင့် ဒုတိယအကြိမ် တွေ့ဆုံခြင်းသည် ဖျတ်ခနဲပေါ်လာသည်။

*

၁၉၃၆ ခုနှစ်။

မြင်းခြံမြို့၌ ကျင်းပပြုလုပ်သော ဒုတိယအကြိမ်မြောက် တို့ဗမာအစည်းအရုံးညီလာခံ၏ ဆုံးဖြတ်ချက်အရ 'ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့' ဝင် သခင်ခေါင်းဆောင်များသည် ၉၁ ဌာန အုပ်ချုပ်ရေးသစ်အတွက် အင်္ဂလိပ်နယ်ချဲ့အစိုးရ ကျင်းပပေးသော အထွေထွေရွေးကောက်ပွဲတွင် ယှဉ်ပြိုင်အရွေးခံကြသည်။ တို့ဗမာအစည်းအရုံး၏ ရည်ရွယ်ချက်သည် ၉၁ ဌာန အုပ်ချုပ်ရေးကို ပါလီမန်တွင်းဝင်၍ တိုက်ဖျက်ရန်ဖြစ်သည်။

ထိုအချိန်၌ အနယ်နယ်အရပ်ရပ်တွင် သခင်အမတ်လောင်းများအတွက် တရားပွဲများကျင်းပပြုလုပ်ကြသည်။ ဟသ်ာတခရိုင်မှလည်း သခင်အမတ်လောင်းများ ရွေးကောက်ပွဲဝင်ကြသည်။ ဟသ်ာတမြို့နယ်နိဗ္ဗာန်၌ သခင်အမတ်လောင်းတစ်ဦးအတွက် သခင်တရားပွဲရှိသည်ဆို၍ ကျွန်တော်တို့သွားရောက် နားထောင်ကြသည်။

တရားပွဲကျင်းပသည့် ရုပ်ရှင်ရုံတွင်း ဝင်ရောက်သွားသောအခါ စင်မြင့်ပေါ်က ကြမ်းပြင်တွင်ထိုင်နေကြသော တရားဟောမည့် သခင်ခေါင်းဆောင်များကို တွေ့ရသည်။ သခင်ခေါင်းဆောင်များထဲက မှတ်မိနေသော သခင်ခေါင်းဆောင်များမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် သခင်ကျော်ရင်တို့ဖြစ်ကြသည်။ စင်မြင့်ရှေ့နားတွင်ကပ်၍ နေရာယူထားသဖြင့် တရားပွဲ
mgyoe.com

mgyoe.com
မစခင် စင်မြင့်ပေါ်က သခင်ခေါင်းဆောင်များ၏ လှုပ်ရှားမှုကို မြင်နေရသည်။ အချင်းချင်းစကားပြောသံကို ကြားနေရသည်။ သခင်ကျော်ရင်သည် ဘုန်းကြီးဘဝက ဓမ္မကထိကဖြစ်၍ သခင်ခေါင်းဆောင်များထဲတွင် အဟောကောင်း အပြောကောင်းတစ်ဦးဖြစ်သည်။

"ဒီနိဗ္ဗာန်ဟာ ပညာဝန်ဦးဖိုးကျား‌ရဲ့ ဇာတိပါဆရာကြီး"

သခင်ကျော်ရင်က ဆရာကြီးကိုပြောပြနေသည်။ ဆရာကြီးက တစ်ခွန်းမှ ပြန်မပြောဘဲ ခေါင်းညိတ်ရုံသာ ညိတ်နေသည်။ ဆရာကြီးသည် အမျိုးသားကောလိပ်၏ မြန်မာစာနှင့် ရာဇဝင်ပါမောက္ခဖြစ်သည်။ ဦးဖိုးကျားသည် အမျိုးသားပညာရေးကောင်စီ၏ အမျိုးသားပညာဝန်ဖြစ်သည်။ ဆရာကြီးသည် ဦးဖိုးကျား၏ ဇာတိနိဗ္ဗာန်ဖြစ်သည်ဆိုသည်ကို မသိဘဲနေမည်မဟုတ်။ ထို့ကြောင့် ခေါင်းညိတ်ရုံသာ ညိတ်နေခြင်းဖြစ်ပေလိမ့်မည်။ ထိုအချိန်က ဆရာကြီးအား ခယဝပ်တွားနေသော သခင်ကျော်ရင်သည် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသွားသောအခါ သခင်ဗစိန်အုပ်စု ဘက်သားဖြစ်သွား၍ ဆရာကြီးအား ထော်လော်ကန့်လန့်လုပ်သူတစ်ဦးဖြစ်လာသည်။

ထိုနေ့က တရားပွဲတွင် ဆရာကြီးက အဦးဆုံးဟောပြောသည်။ ဆရာကြီးသည် အရေးကောင်းသလို အပြောလည်းကောင်းသည်။ ဆရာကြီး၏ တရားကို နာရသည်မှာ ပရိသတ်ငြီးငွေ့မသွားပေ။ နိုင်ငံရေးတရားကို ဟောနေသော်လည်း ပရိသတ်ကျအောင်ပြောတတ်သည်။ ထိုနေ့က ဆရာကြီးဘာတရားတွေ ဟောသည်ကို မမှတ်မိတော့။ မှတ်မိနေတာတစ်ခုတော့ ရှိသည်။ စင်မြင့်အောက်က ပရိသတ်ထဲတွင် ဘုန်းကြီးများလည်းရှိနေသည်။ ဆရာကြီးက သူ၏ တရားအစတွင် 'ဘုရားကားအောက်၊ မျောက်ကားအထက်' ဆိုသလို အခြေအနေအရ တပည့်တော်တို့က အထက်ရောက်နေပြီး ရဟန်းသံဃာတော်များက အောက်မှာနေကြရတယ်" စသည်ဖြင့် ရဟန်းသံဃာတော်များကို ကန်တော့သွားသည်။

"ဒိုင်း ဒိုင်း ဒိုင်း"

ဆရာကြီး ဆက်လက်ဟောနေစဉ် ရုပ်ရှင်ရုံသွပ်မိုးပေါ် အုတ်ခဲသုံးလေးလုံး ကျလာသည်။ ပရိသတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ကျွန်
mgyoe.com

mgyoe.com
တော်တို့လည်း လုံးဝမျှော်လင့်မထားသဖြင့် ထပြေးရတော့မလိုဖြစ်သွား သည်။ သို့သော်လည်း ဆရာကြီးကမူ သူဟောနေသောတရားကိုရပ်မပစ် ဘဲ ဣန္ဒြေမပျက် ဆက်လက်ဟောနေသည်။

ထိုအချိန်က သခင်တရားပွဲများတွင် အင်္ဂလိပ်အစိုးရလက်ပါးစေပြည့် အစေခံတို့သည် လူမိုက်ဒလံများကို မွေးပြီး ခဲ ပုလင်းများနှင့် အပေါက်ခိုင်း ကြသည်။ ပုလိပ် စုံထောက်များနှင့် ခြိမ်းခြောက်ကြသည်။ သခင်ခေါင်း ဆောင်များကို ပုဒ်မအမျိုးမျိုးတပ်လျက် ဖမ်းဆီးကြသည်။ ကိုယ့်မင်းကိုယ့် ချင်း အမတ်လောင်းများကို မဲမပေးဝံ့အောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့် တားကြသည်။

သို့သော်လည်း ဆရာကြီးသည် ယင်းအနှောင့်အယှက်အဟန့်အတား များကို လုံးဝဂရုမထားဘဲ ခဲပေါက်သံကို လုံးဝမကြားသကဲ့သို့ပင် ဣန္ဒြေ မပျက် ဆက်လက်တရားဟောနေသည်။ ဆရာကြီး၏ သတ္တိ၊ ဆရာကြီး ၏ သမာဓိ ကူးစက်သွားသလားမသိ။ အမှတ်မထင် လှုပ်လှုပ်ရွရွဖြစ် သွားသော ပရိသတ်လည်း ပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီးလျှင် ဆရာကြီး ၏ ရဲရဲတောက်တရားကို ဆက်လက်နားစိုက်ထောင်နေကြသည်။

ဈာပနယာဉ်သည် ဦးဝိစာရလမ်းအတိုင်း တောင်ဘက်သို့တရွေ့ရွေ့ သွားနေသည်။ ဆရာကြီး၏ ဈာပနခရီးကို လိုက်ပို့ကြသူများနှင့် လမ်းဘေး နှစ်ဖက်မှရပ်ပြီး ဆရာကြီးအား နောက်ဆုံးဂါရဝပြုသူများ၏ ဦးရေလည်း လျော့သွားသည်မရှိဘဲ များသည်ထက်များ ပိုသည်ထက်ပိုလာသည်။ ဂါရဝ ပြုသူများ၏ ဦးရေသည် တိုးလာသလို မိမိ၏ ဦးနှောက်ထဲတွင်လည်း ဆရာကြီးနှင့်ပတ်သက်သော အဖြစ်အပျက်များသည် တစ်ခုပြီးတစ်ခု ပေါ် လာကြသည်။

*

၁၉၄၃ ခုနှစ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် တတိယအကြိမ် ဆုံရပြန်ပြီ။ ဆုံ သည့်နေရာမှာလည်း နိဗ္ဗာန်တုန်းကလို ရုပ်ရှင်ရုံအတွင်း၌ပင်ဖြစ်သည်။

ဂျပန်ခေတ်စောစောပိုင်းက မြန်မာနိုင်ငံ မြို့ကြီးအတော်များများ၌ သာသနာ့အစည်းအရုံးများကို ဖွဲ့စည်းတည်ထောင်သည်။ သာသနာ့အစည်း
mgyoe.com

mgyoe.com
အရုံး၏ ဗဟိုဌာနချုပ်ကို အိမ်တော်ရာဘုရားအနီးရှိ 'ဘိရှော့ဟုမ်း' ၌ ဖွင့်ထားသည်။ တစ်နေ့ ဗဟိုဌာနချုပ်မှ ခေါင်းဆောင်များသည် သန်လျင်မြို့သို့ စည်းရုံးရေးဆင်းကြပြီး သန်လျင်မြို့ရုပ်ရှင်ရုံတွင် တရားပွဲကျင်းပသည်။ ထိုခေါင်းဆောင်များထဲတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းလည်း ပါလာသည်။ တရားပွဲ လာရောက်နားထောင်သူ ပရိသတ်မှာ များပြားလှသဖြင့် ရုပ်ရှင်ရုံ မဆံ့ဖြစ်သွားသည်။

ထိုနေ့က တရားဟောသော အဓိက ပုဂ္ဂိုလ်နှစ်ဦးမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ဗိုလ်မိုးကြိုးတို့ဖြစ်ကြသည်။ ဗိုလ်မိုးကြိုးက အင်္ဂလိပ်လိုဟောပြီး သခင်သိမ်းမောင်က မြန်မာလို စကားပြန်ပြီး ပြောပြသည်။

ထိုအချိန်က ဗိုလ်မိုးကြိုးသည် မြန်မာလိုဝတ်ထားသည်။ အုပ်ပေါင်းကိုလည်း ပေါင်းထားသည်။ သခင်သိမ်းမောင်လည်း ခေါင်းပေါင်း ပေါင်းထားသည်။ သခင်သိမ်းမောင်သည် တို့ဗမာအစည်းအရုံး ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ပြည်မြို့၌ကျင်းပပြုလုပ်သော တတိယအကြိမ်မြောက် တို့ဗမာအစည်းအရုံးညီလာခံတွင် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူဖြစ်သည်။ ထိုအချိန်က သခင်သိမ်းမောင်ကို အုပ်ပေါင်းနှင့်တွေ့ရသော်လည်း နောက်ပိုင်းတွင် သက္ကလတ်ဘောင်းဘီကို ဝတ်ထားသည်ကို တွေ့ရပြန်သည်။

ဗြိတိသျှ နယ်ချဲ့ခေတ်က ပင်နီရင်ဖုံးအင်္ကျီနှင့် အုပ်ပေါင်းနှင့် အတွေ့ရများသော သခင်ခေါင်းဆောင်တချို့သည် ဂျပန်ခေတ်တွင် ဘောင်းဘီဝတ်လာကြသည်။ သခင်သိမ်းမောင်ဘဝသည် အကွေ့အပြောင်းမြန်သည်။ တစ်ချိန်နှင့်တစ်ချိန် တစ်နေရာနှင့်တစ်နေရာ ကူးပြောင်းသွားပုံမှာလည်း ရိုးရိုးလမ်းလျှောက်သွားခြင်းမျိုးမဟုတ်ဘဲ ခုန်ကူးသွားခြင်းမျိုးဖြစ်သည်။ သက္ကလတ်ဘောင်းဘီတိုနှင့် ရှူးဖိနပ်နှင့် သခင်သိမ်းမောင်သည် မကြာခင်ပင် သက်န်းဝတ်ရုံထားသော ဦးသောမဖြစ်လာသည်။

ထိုနေ့က ဆရာကြီး၏ ခေါင်းပေါင်းမှာ ဗိုလ်မိုးကြိုးနှင့်သခင်သိမ်းမောင်တို့နှင့် မတူပေ။ ဗိုလ်မိုးကြိုးနှင့် သခင်သိမ်းမောင်တို့၏ ခေါင်းပေါင်းမှာ 'ရယ်ဒီမိတ်' အုပ်ပေါင်းဖြစ်သည်။ ဆရာကြီး၏ ခေါင်းပေါင်းမှာ သျှောင်ထုံးတွင် သာမန်ကာလျှံကာ ပတ်ထားသော ပန်းရောင်ခေါင်းပေါင်းဖြစ်
mgyoe.com

mgyoe.com

သည်။ ထိုအချိန်ကာလလောက်ကစ၍ ဆရာကြီး၏ ထိုပုံစံခေါင်းပေါင်း သည် ဆရာကြီး၏ 'သင်္ကေတ' ဖြစ်လာပြီ။

ထိုနေ့က သန်လျင်မြို့နယ် ပြည်သူလူထုက ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား ဩဘာစာ ဆက်သသည်။

*

ဈာပနယာဉ် ဦးဝိစာရကျောက်တိုင်ကွေ့ရောက်လာပြီ။ မိမိ၏ အတွေးထဲတွင်လည်း ဆရာကြီးနှင့်ပတ်သက်သော နောက်ထပ်အဖြစ်အပျက်တစ်ခု ဖျတ်ခနဲပေါ်လာသည်။

၁၉၅၈ ခုနှစ်။

ရာဟုလာသံကိစ္စည်းသည် တရုတ်ပြည်မှတစ်ဆင့် တိဗက်သို့ ပဋ္ဌမအကြိမ် သွားရောက်ရန် ခရီးထွက်အလာ ရန်ကုန်မြို့တွင် တစ်ထောက်နားသည်။ ရန်ကုန်မြို့တွင် ရာဟုလာသံကစ္စည်း ရှိနေခိုက် မြန်မာနိုင်ငံ စာရေးဆရာအသင်းက ဆန်းကဖီးတွင် ရာဟုလာသံကိစ္စည်းအတွက် ဂုဏ်ပြုဧည့်ခံပွဲကျင်းပသည်။ ဧည့်ခံပွဲအပြီးတွင် ရာဟုလာသံကိစ္စည်းက ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် တွေ့လိုသည်ဆို၍ ရာဟုလာသံကိစ္စည်းနှင့် ဆရာကြီးအိမ်လိုက်သွားသည်။ ချိန်းမထားသော်လည်း ဆရာကြီးကို ချမ်းသာလမ်းအိမ်၌ အဆင်သင့်ပင်တွေ့သည်။

ဆရာကြီးနှင့် ရာဟုလာသံကိစ္စည်းသည် တစ်နာရီနီးပါးမျှ စကားပြောကြသည်။ ကျွန်တော်က စကားပြန်လုပ်ရသည်။ ထိုနေ့က ဆရာနှစ်ဆူ၏ စကားဆွေးနွေးပွဲ၌ 'မာ့က်စ်ဝါဒနှင့် ဗုဒ္ဓဒဿန' အကြောင်းအရာက လွှမ်းမိုးနေသည်။ ယင်းအကြောင်းအရာကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက စတင်ဆွေးနွေးသည်။ ရာဟုလာသံကိစ္စည်း မကွယ်လွန်မီ နောက်ဆုံးရေးသွားသော 'တရုတ်ပြည်ခရီး' အကြောင်းစာအုပ်ထဲတွင် ဆရာကြီးနှင့် တွေ့ပုံကို ထည့်သွင်းရေးသားထားသည်။

ယခုဆရာကြီးနှစ်ဦး၏ တွေ့ဆုံပုံနှင့်ဆွေးနွေးပုံကို ပြန်လည်သတိရသောအခါ ဓာတ်ပုံရိုက်ယူမထားမိခြင်းနှင့် အသံသွင်းယူမထားမိခြင်းအတွက် နောင်တကြီးစွာဖြစ်ရသည်။

*

mgyoe.com

mgyoe.com

ဈာပနယာဉ်သည် ဦးဝိစာရ ကျောက်တိုင်အရှေ့ဘက် ချိုးသွားပြီး ရုပ်ကလာပ်နောက်က လမ်းလျှောက်လိုက်ပါသွားသော ကျွန်တော့်တွင်လည်း ဆရာကြီးနှင့်ပတ်သက်သော အခြားအတွေးပေါ်လာပြန်သည်။

၁၉၅၉ ခုနှစ်လောက်က ဖြစ်သည်။

အိန္ဒိယနိုင်ငံ သမ္မတကြီး ဒေါက်တာရာဂျိန္ဒရာပရဆတ်သည် တရုတ်ပြည်သို့ နိုင်ငံတော်ဧည့်သည်အဖြစ်နှင့် သွားသည်။ အိန္ဒိယသမ္မတကြီးနှင့် အိန္ဒိယသတင်းစာဆရာများ ပါသွားသည်။ အပြန်ခရီးတွင် အိန္ဒိယသတင်းစာဆရာအချို့ ရန်ကုန်ဝင်လာကြသည်။ ရန်ကုန်တွင်ရှိနေခိုက် အိန္ဒိယသတင်းစာဆရာအချို့ ဆရာကြီးနှင့်သွားတွေ့ကြသည်။ သတင်းစာဆရာများနှင့် ကျွန်တော်လည်းလိုက်ပါသွားသည်။ သို့သော်လည်း ထိုအချိန်က ကျွန်တော်စကားပြန်မလုပ်ပေ။ အိမ်တွင် ဆရာဇေယျရှိနေ၍ ဆရာဇေယျက စကားပြန်လုပ်သည်။ ဆရာဇေယျအင်္ဂလိပ်လိုပြောသည်ကို ပထမဆုံးနှင့် နောက်ဆုံးကြားရခြင်းဖြစ်သည်။

အိန္ဒိယသတင်းစာများထဲတွင် ဗာရာဏသီမြို့ 'အာဇ်' ဟိန္ဒီနေ့စဉ်သတင်းစာ အယ်ဒီတာ ကျွန်တော့်မိတ်ဆွေ လက္ခုမီနာရာယန်းဗျာဆ်လည်း ပါလာသည်။ ဗျာဆ်သည် စာရေးဆရာလည်း ဖြစ်သည်။ သူ၏ စာအုပ်တစ်အုပ်တွင်ဆရာကြီး 'သခင်ကိုယ်တော်မှိုင်း' အကြောင်းကိုလည်း ထည့်သွင်းရေးထားသည်။

နောက်တစ်နှစ်လောက်အကြာတွင် ဒေလီမှ ယရှ်ပါလ်ဂျိန်းနှင့် ဗိရှဏုပရဘာကရ အမည်ရှိ နာမည်ကျော်စာရေးဆရာနှစ်ဦး ရောက်လာပြန်သည်။ ထိုစာရေးဆရာနှစ်ယောက် ဆရာကြီးကိုတွေ့ရန်သွားသောအခါ ကျွန်တော်လည်းလိုက်ပါသွားသည်။ ထိုအကြိမ်၌မူ ကျွန်တော်က စကားပြန်လုပ်ရသည်။ ယရှ်ပါလ်ဂျိန်းက "ဆရာကြီးရေးတဲ့စာအုပ်ထဲက ဆရာကြီးဘယ်စာအုပ် အကြိုက်ဆုံးလဲ" ဟု မေးသောအခါ ဆရာကြီးက "ဓမ္မစေတီဝတ္ထု အကြိုက်ဆုံး" ဟု ပြန်ဖြေသည်။ ယရှ်ပါလ်ဂျိန်းလည်း သူ့စာအုပ်ထဲတွင် ဆရာကြီးအကြောင်းရေးသားထားသည်။

*

ဈာပနယာဉ်သည် ဘုရားလမ်းဘက် ချိုးသွားပြီ။ ဈာပနခရီး အဆုံးသတ်

mgyoe.com

mgyoe.com


တော့မည်။ ထိုအခိုက် မိမိအတွေးထဲတွင် နောက်ဆုံး အကြောင်းအရာ တစ်ခုပေါ်လာသည်။

ဆရာကြီးမကွယ်လွန်မီ သုံးလေးနှစ်လောက်က မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း အမှုဆောင်များသည် ဆရာကြီး၏ နေအိမ်တွင် ဆရာကြီးကို သွားကန်တော့ကြသည်။ ကျွန်တော်လည်း ပါသွားသည်။ ထိုအချိန်၌ ဆရာကြီးသည် အသက် ၈၅ နှစ် အရွယ်လောက်ရှိနေပြီဖြစ်၍ ဇရာရုပ်သည် ပီပီသသ ပေါ်နေပြီ။ ဆရာကြီးက ကြမ်းပြင်ပေါ်တွင်ထိုင်ပြီး အကန်တော့ခံသည်။ ကွမ်းသီးရောင်ဆွယ်တာရင်ကွဲလက်ရှည်လေး ဝတ်ထားသည်။ သူ့ရှေ့တွင် ချထားသောကွမ်းအစ်ထဲက ကွမ်းသီးကို ကွမ်းညှပ်နှင့် ညှပ်နေရင်း သြဝါဒစကားပြောကြားသည်။ အိမ်ရှင်များက ဧည့်သည်များကို လက်ဖက်ရည်ဖြင့် ဧည့်ခံသည်။ ထိုအကြိမ်သည် ဆရာကြီးကို နောက်ဆုံးတွေ့ခြင်းဖြစ်သည်။

မြန်–စာ–ပြန့် အသင်းက ဆရာကြီးအား ကန်တော့သည့် အကြောင်းကို စဉ်းစားနေရင်းနှင့်ပင် ဈာပနယာဉ်သည် ဆရာကြီး၏ ရုပ်ကလာပ်ဂူသွင်းထားရန်အတွက် ခေတ်မီပုံစံဖြင့် အသစ်ဆောက်လုပ်ထားသော ဂူသို့ ဆိုက်ရောက်လာသည်။ ထိုအခိုက် ဈာပနအခမ်းအနားတွင် မြန်–စာ–ပြန့် အသင်းက ဝေငှသော ရှစ်မျက်နှာစာအုပ်ငယ်ကလေး လက်ထဲရောက်လာသည်။ ထိုစာအုပ်ထဲတွင် ပုံနှိပ်ဖော်ပြထားသော ဒဂုန်ဦးထွန်းမြင့်ရေးသည့် 'အန္တိမဈာပန ဂါရဝပူဇာ' လေးချိုးကြီးကို ဖတ်ကြည့်နေမိသည်။

### အန္တိမဈာပန ဂါရဝပူဇာ ကဗျာလေးချိုးကြီး

မျိုးစစ်တဲ့ရတနာလို ဘဝမှာတပြောင်ပြောင်နဲ့ ညီးခဲ့တဲ့၊ ဖြိုးသစ်ပါသကို ကဗျာ့အရောင်မီးတွေနဲ့၊ မျိုးချစ်စာဆို မြန်မာ့ တန်ဆောင်ကြီးပေပေါ့၊ ဇယအခေါင်ထီးရယ်လို့ ကိုင်းသဖြင့်ရှိုင်းသဖြင့်သာပ၊ တိုင်းနှင့်နယ်ပါအညီ၊ (အိုကွယ်) ပထမယခေါင်အတီးဆီက၊ မြန်မာ့ဘောင်ခရီးတွင်ဖြင့် ဂိုဏ်းအဆင့်ဆင့် သမိုင်းတင်ခဲ့တဲ့ 'မှိုင်း' ဖြင့် ကွယ်ရှာပြီ။

သြော်တကယ့်အဖြစ် ကြားရမှာဖြင့်၊ ဆယ်နှစ်သားအရွယ်ကစပေပေါ့၊ မြန်မာရာဇဝင်မှာ ဘုန်းရောင်လက်ခဲ့တဲ့ ကုန်းဘောင်ဆက်မှာ နေလိုအသွင်ပြောင်တဲ့၊ ရွှေဘိုချဉ်ပေါင် ဖူးခေါင်အညွန့် ကျိုးချိန်မို့၊ မျိုးခြားတွေလာ

mgyoe.com

mgyoe.com

ခေါ်ယူလို့၊ ပါတော်မူမြန်မာ့ဘုရင် မြန်းစဉ်က၊ (ညဲ) ကလေးဘဝပေမယ့် သွေးတကြွကြွနဲ့ အဝေးကလှမ်းကာ မျက်မြင်ကိုယ်တွေ့လေတော့၊ အသဲနုနု ကွဲလုလုကလေးမှာ ဆွဲထုချောကာ မွေ့လိုက်သလိုပ၊ မကျေသဟော့ မသေတစ်နေ့တွင်ဖြင့် ရေမြေ့ရှင်ပြန်လာအောင် အဟံ ငါလုပ်မယ်လို့၊ နှုတ်ကမပြောသော်လဲ မုချသဘောအမှန်ပင် မခံချင်တဲ့ စိတ်ကယ်တို့၊ တိတ်တိတ်ကလေး သန္နေတည်ခဲ့ပေသမို့၊ မြန်ပြေမဟီတွင် ခေတ်တကာ မရှောင်မဆိုင်းပါဘူး၊ (သြော်) သစ္စာအန္နောင်နှင့် ဝိုင်းဝိုင်းပြီးမေတ္တာရောင်ကသိုဏ်းတွေနဲ့ မစ္စတာမောင်မှိုင်းဆိုတဲ့ ဆရာအမည်ခံကာ အညာပြည်မကျန် လျှောက်ပါလို့ (သြော်) ဆရာရေးရိုးဖြစ်တဲ့ မဟာလေးချိုးတည်းဟူသော ကဗျာ၏အလျှံမှာ ဗမာ၏ရန်ကို ကမ္ဘာသိရန်ဟဲ့လို့ ဇာတိမာန်အရောင်တွေ တောက်အောင်ပ၊ ဘွိုင်းကောက်တည်းဟူသော အကော်အကန့်စာနှင့်၊ တော်လှန်ချင်လာအောင် အဆက်မပြတ်ရေးပါလို့၊ မျိုးခြားအလံအောက်က ဗမာတွေကို အမျိုးသားမာန် မပျောက်ကြပါစေနဲ့လို့ တွေးတွေးပြီး၊ သွေးဆွကာ ဇာတိမာန်ကိုသွင်းပါလို့၊ (ညဲ) အမျိုးသားအတွက် အကျိုးများဖို့ အချက်ဆိုလျှင် မိုးဖျားကိုတက်ရတက်ရ မငြင်းလေဘူး၊ တင်းဘို့အရာမှာဆိုလျှင် 'မင်းရို့ဆရာကို စာရင်းတို့ကာ ထားလိုက်ကြပေတော့' လို့ မငြင်းသမို့ အလျဉ်းမကြို့ပေါင် ယင်းသို့အမှာစကားတွေနဲ့ တအားတက်စရာ အမည်တင်လို့ ပြည်တခွင်ကြွက်ကြွက် ဆူအောင်ဝိုင်းထနေတဲ့၊ ထီမထင် တက်လူပိုင်းတွေနဲ့၊ (သြော်) အတင်းနှိပ်မဟဲ့ဆိုတဲ့ အတွင်းကျိတ်တွေနဲ့နှော အင်္ဂလိပ်ကို အရှင်မတော်တဲ့ဂိုဏ်းပေပေါ့၊ သခင်ကိုယ်တော်မှိုင်း အမည်ခံကာဖြင့်၊ ပြည်မြန်မာလွတ်လပ်ဖို့ အရေးကိုတော့၊ ဦးဆွေးဆွေး ဆံမြွေမြွေ ကြံမဟော့ ဖန်မဟော့ရယ်လို့ မြန်ပြေ့တစ်ခွင်မှာ အလံကလေ့တပြင်ပြင်နဲ့ မာန်ရှေ့တင်သခင် အပေါင်းတွေနဲ့၊ (သြော်) ခေါင်းဖြူစွယ်ကျိုးနဲ့ အဘိုးအိုဇရာ ဒုဗ္ဗလပေမယ့် ဗမာမအုပ်ရသမျှ ငါမဆုတ်သက္ကဆိုတဲ့ မဟာဥက္ကဋ္ဌခွဲရယ်နှင့်၊ အားခဲကာ သူ့ကျွန်ဘဝကို ရုန်းခဲ့သော်လည်း၊ (သြော်) အထွေထွေခပင်း မသွေကွင်းနိုင်တဲ့ သေမင်းတည်းဟူသော မရဏအထံမှာ ကဝေစင်းပြီး အကျခံကာ ရှုံးချေပေါ့၊ ယူကျုံးမရနိုင်ဘူ့ ဇမ္ဗူ့အလုံးက တပည့်တွေမှာ အပူလုံးကြွကြွပြီး ပရိဒေဝလောင်ကာ မြိုက်ကုန်ပေါ့၊ အထူးတလှိုက်

mgyoe.com

လိုက် ဝသုန်မဟီမှာနော်ကွယ်၊ တဦးတဦး တသိုက်တသိုက် နဖူးနဲ့တိုက် တိုက်ပြီး (သြော်) ဦးခိုက်စုံညီ။

မြန်တိုင်းပြည် လွတ်လပ်ပြီးပြန်တော့၊ ရန်ဂိုဏ်းတွေ စည်ကာဇွတ်ဟပ်တဲ့ မီးလိုပ၊ ဝဋ်ကပ်ကြီးကြုံကာ မြန်ပြည်ဘောင် တစ်ဝန်းတွင်ဖြင့်၊ (သြော်) အခြေမကျ အနေမကျ သေကြကျေကြနဲ့နော၊ ဝေကျတဲ့ဆီလို ပြည်တွင်းစစ်တွေ လွှမ်းပြန်သနှင့်၊ ငြိမ်းချမ်းဖို့အရေးကို တကယ့်ကရုဏာတရားရယ်နှင့်၊ တပဲ့အစုစုကို ဆရာတားတားပြီး၊ ဗမာအများကိုထောက်လျှင်ငါတကားစိတ်တွေ ဖျောက်ကြဂွယ့်လို့၊ ရောက်သမျှနေရာမှာ အဆုံးအမပေးတဲ့အပြင်၊ ရှေးကအမှားတွေကို မတွေးကြနဲ့ ဘေးချထားပြီး ခွေးမသားတွေအကုန်ပြန်ပေါင်းကြဟဲ့လို့၊ ၎င်းသို့ကလို ကဝေဆရာမာန်လို့ ကြိမ်းကြိမ်းပြီး၊ ကောင်းဘို့ကို စေတနာသန်သန်နဲ့ ထိန်းခဲ့ပေသပေါ့၊ ကိန်းခန်းကလေးဆဆပြီး စိမ်းလန်းအေးမြတဲ့ ငြိမ်းချမ်းရေးရတာကို မသေခင်မြင်ကာသွားမယ်လို့၊ အားခဲသူဆရာကဝေမဖြင့်၊ မြန်မာပြေမှာ ဘဝ တဇာတ်သိမ်းပါလို့၊ မရဏမြေမှာ အစသတ်လို့၊ ကိန်းရှာပေါ့၊ ငြိမ်းချင်လှပါတဲ့မှိုင်းရဲ့ဝသီ၊ သမိုင်းနဲ့အညီပေပေါ့၊ ကိန်းတွေ ခန်းတွေပြော၊ (ပြည်သူတို့ရယ်) ဝိုင်းမဟဲ့ညီညီလို့ ဂိုဏ်းနဲ့ချိချိပြီး တိုင်းနဲ့ပြည်မှာတော့ ငြိမ်းစေချမ်းစေသော။

ပရိဒေဝ လောင်ပါတယ်လေလေ့၊ မချိလေကြာပေါင် ဟဒယရတက်မအေးပါကလ၊ တပည့်တွေတင်မက သိနေကြတဲ့ရှိလေသမျှ ကမ္ဘာတောင်ဆရာ့အတွက် ဆွေးကုန်ပေါ့၊ ဘဝအဆက်ဆက်က မွေးခဲ့တဲ့ ပါရမီအဟုန်ကြောင့်၊ ဗမာပြည်အကုန် မှိုင်းဆရာရယ်လို့ ဝိုင်းကာဝိုင်းကာနဲ့ ကိုင်းကာရှိုင်းကာကိုးရသော်လည်း၊ မရဏအထံမှာ ဆရာ ဆရာ့ကံတည်းဟူသောဘဝအလံဖြင့် ကျိုးလေပေါ့၊ (သြော်) လေးချိုးကဗျာကြီးတွေကလည်းလာပြီးမကယ်နိုင်ကြလေဘူ့၊ မျောက်ဋီကာကလည်း ထောက်တည်ရာမရတဲ့အပြင်၊ ဘွိုင်းကောက်ဋီကာကလည်း မှိုင်းတစ်ယောက်ဆီမှာ ကိုင်းမကြောက်နဲ့ သည်တစ်ခါ မမယ်လို၊ မဟာပေါင် မကူနိုင်တဲ့အရေးပေမို့၊ ရှေးသောအခါသမယက မကြာခဏ ဆရာတဖွဖွပြောခဲ့တဲ့ ဇရာမရဏသဘောတွေ ပြန်ကာလှန်ကာနဲ့ကြားမိရဲ့၊ ပြင်ချက်ဆင်ချက်တွေကြောင့်

mgyoe.com

mgyoe.com

အသွင်လက်နေတဲ့ ပဋ္ဌက္ခန္ဓာဟာ အစဉ်ပျက်အမှန်ပါတကားရယ်လို့၊ ဘုရားဟောခဲ့တဲ့ တရားသဘောနဲ့ကြည့်ကြည့်ပြီး အများသော တပည့်တွေမှာ သတိသံဝေဂ ပွားရတော့၊ ငါပဲ သူပဲ ဘယ်သူပဲဆိုတဲ့ လူထဲက လူတွေကိုထားပါဦး၊ ဘုရားရှင် အရဟံ ဘဂဝါသော်မှ၊ ခန္ဓာခေါ် ဇာတိငယ်စာရင်းရယ်ကြောင့်၊ အမှန်ပါနော် ကရုဏာ၏ နယ်ကို မကွင်းနိုင်ဘူး၊ ဘယ်သင်းဘယ်ဟာ ဘယ်အရာမတည်မြဲပါကလ၊ အနိစ္စာဝတသင်္ခါရာကို စိတ်နာစရာလို့ထင်လာကာ ကျွတ်အောင် လွတ်အောင် ခဲချင်ပေါ့၊ အဲသို့ကလို နုံသတိကမ္မဋ္ဌာန်းရယ်နှင့်၊ မလွဲအနို့လို ဆရာသုဂ္ဂတိအမြန်းတွင်ဖြင့်၊ တပည့်တပန်းတွေ အစုံအလင်ပေါ့၊ ဘုံတခွင်ဘဝဘဝတိုင်းမှာတော့၊ ဘဘမှိုင်း 'သာ' ပါစေလို့၊ ပတ္ထနာ ခြွေကာလက်အုပ်ကန်တော့ပန်းတွေနဲ့ မရဏာပြေ က ဆရာကဝေကို သဒ္ဓါစေတနာ အဆက်မဖြုတ် တကျော့တကျော့ မှန်းမှန်းပြီး၊ (အမယ်မင်း) အစွမ်းရှိသမျှ ကဗျာသပြီး မှုပေါ်အောင်ပြောလိုက်ရပါတော့၊ (ဆရာကြီး သခင်ကိုယ်တော်မှိုင်းခင်ဗျာ) တန္တမ်းနွမ်းနဲ့ ယိုကြပါပေါ့ အလွမ်းအပြည့်အဝရယ်နဲ့ အန္တိမ ဈာပန ဂါရဝ ပူဇော်သူတွေပေါ။ တစ်တိုင်းပြည်လုံးက မှိုင်းကဝေ ဆရာကို နှမြော။

*

ဆရာကြီးရုပ်ကလာပ်ကို ဂူသွင်းချိန်ရောက်လာပြီ။ ဂူ၏ ပရိဝုဏ်အတွင်းနှင့် ထိုနေရာ ပတ်ဝန်းကျင်တစ်ဝိုက်၌ နောက်ဆုံးဂါရဝပြုလိုသူများ ဖွေးဖွေးလှုပ်နေကြသည်။ ဆရာကြီး၏ ရုပ်ကလာပ်ကို ဂူတွင်းသွင်းလိုက်သည်နှင့် ဆရာကြီး၏ ဈာပနခရီးလည်း အပြီးသတ်သွားသည်။

စာပေဗျာနယ်၊ ၁၉၉၆ ခုနှစ်၊ မတ်လ။

❑

mgyoe.com